# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၆ ရက်၊ သောကြာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၉)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration(D.P.A. honoris causa) ဘွဲ့အပ်နှင်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့အပ်နှင်းခြင်း အထူးဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ ပါမောက္ခများ၊ Doctor of Science ဘွဲ့ရရှိထားသည့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❖




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမှတ်တရမိန့်ခွန်းပြောကြားစဉ်။


**ယနေ့ ဖတ်စရာ**

**ပြည်တွင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့**

ဆောင်းပါး စာ ၁၀

**ဇီဝနည်းပညာ အသုံးပြုထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကို ပါဝင်ခင်းကျင်းပြသသွားမည်**

ပြည်တွင်းသတင်း စာ ၁၅


## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ ရက်နေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၈ နာရီမှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV- HD၊ MRTV News ၊ MRTV-NRC ၊ MRTV – Parliament ၊ MRTV – Farmers'၊ MRTV – Entertainment Channel နှင့် MITV Channel ၊ MWD-HD Channel၊ MWD Variety – HD Channel၊ Readers Channel ၊ MNTV နှင့် Up to Date Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် ပတ္တမြား FM၊ ချယ်ရီ FM ၊ မန္တလေး FM ၊ ပဥ္စဝတီ FM ၊ ရွှေ FM ၊ FM ပုဂံ၊ Star FM နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Youtube ၊MRTV Website ၊ MRTV App၊ Radio App အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပါရဂူဘွဲ့ Honorary Doctor of Public Administration(D.P.A. honoris causa) ဘွဲ့အား အပ်နှင်းစဉ်။**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့အပ်နှင်းခြင်း အထူးဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။**

❖ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘွဲ့နှင်းသဘင်ခန်းမအတွင်းနေရာယူပြီး သဟာယအဖွဲ့က ဘွဲ့နှင်းသဘင်အတွင်း ဝင်ရောက်နေရာယူကြသည်။

**နိုင်ငံတော်အလံအား အလေးပြု**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဘွဲ့နှင်းသဘင်ခန်းမစင်မြင့်ထက်၌ နေရာယူပြီး နိုင်ငံတော်အလံအား အလေးပြုကြသည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပကြောင်း ကြေညာပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ စွမ်းဆောင်ရည်များအား ဖတ်ကြားတင်ပြသည်။

**သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်**

ထိုသို့ဖတ်ကြားတင်ပြရာ၌ ယနေ့ကျင်းပပြုလုပ်သည့် အထူးဘွဲ့နှင်းသဘင်အခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို အပ်နှင်းရခြင်းမှာ မိမိတို့နိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များကြောင့် ဖြစ်ပါကြောင်း၊ နိုင်ငံရေးအသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်း ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများစသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းခဲ့ရသကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ရကြောင်း၊ စိန်ခေါ်မှုများအကြားမှ ပြည်သူများ အထူးလိုလားတောင့်တမျှော်လင့်လျက်ရှိသည့် လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပဆောင်ရွက်ခဲ့ခြင်းသည် မြန်မာ့နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် နိုင်ငံတော်အကြီးအကဲ၏ ဆောင်ရွက်ချက်သမိုင်းမှတ်တိုင်တစ်ခုပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးတံခါးကို အစဉ်အမြဲဖွင့်လှစ်ပေးထားပြီး အစိုးရ၊ တပ်မတော်နှင့် ပြည်သူပူးပေါင်းကာ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိကြောင်း၊ သံတမန်ရေးရာ ကိစ္စရပ်များတွင်လည်း ယနေ့ကမ္ဘာ့အင်အားကြီးနိုင်ငံများဖြစ်သည့် ရုရှား၊ အိန္ဒိယ၊ တရုတ်နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးများ တည်ဆောက်နိုင်ခဲ့ ကြောင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများအကြားမှ မိမိတို့နိုင်ငံ၏အကျိုးစီးပွားကိုကာကွယ်ပြီး သံတမန်ဆက်ဆံရေး နည်းလမ်းများကို ဖော်ဆောင်နိုင်ခဲ့ကြောင်း။

**အထူးအလေးပေးဆောင်ရွက်လျက်ရှိ**

နိုင်ငံ့စီးပွားပြန်လည်ဦးမော့လာစေရေးအတွက်လည်း နိုင်ငံတကာ၏ စီးပွားရေးပိတ်ဆို့မှုများကို ကြံ့ကြံ့ခံပြီး သွင်းကုန်အစားထိုးပစ္စည်းများ ပိုမိုထုတ်လုပ်ရေး၊ ပြည်ပပို့ကုန်တိုးမြှင့်ခြင်းဖြင့် ဝင်ငွေပိုမိုတိုးတက်ရရှိရေး၊ နိုင်ငံတွင်းစားရေရိက္ခာဖူလုံစေရေးတို့အတွက် စီးပွားရေးမူဝါဒများ အစဉ်တစိုက်ချမှတ်လုပ်ဆောင်ရန် ဦးဆောင်လမ်းညွှန်မှု ပြုပေးသူများသည် ပြည်သူများ၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ပေးလိုသည့် နိုင်ငံတော်အကြီးအကဲ၏ မေတ္တာစေတနာပင်ဖြစ်ကြောင်း၊ ခေတ်မီနိုင်ငံတော်တည်ဆောက်ရာတွင် ပညာရေးသည် အဓိကကျသည့် ကဏ္ဍတစ်ခုဖြစ်သဖြင့် ကိုဗစ်-၁၉ ရောဂါအလွန်ကာလတွင် အခြေခံပညာကျောင်းများနှင့် အဆင့်မြင့်ပညာ တက္ကသိုလ်များကို ပုံမှန်အတိုင်းပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ ပညာရည်မြှင့်တင်မှုလုပ်ငန်းများကိုလည်း အားသွန်ခွန်စိုက် ဆောင်ရွက်ပေးခဲ့ပြီး Napyitaw State Academy နှင့် Napyitaw State Polytechnic University များ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း Polytechnic University များ ဆက်လက်တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဦးဆောင်လမ်းညွှန်မှု ပြုခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ပေါများကြွယ်ဝလာစေရေးအတွက်လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထူးချွန်အားကစားလူငယ်များမွေးထုတ်ပေးနိုင်ရန်အတွက်လည်း နိုင်ငံ့ဂုဏ်ဆောင်အားကစားလူငယ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးကဏ္ဍနှင့် ပတ်သက်၍လည်း "လူ့အသက်ထက်အရေးကြီးတာ ဘာမှမရှိ" ဆိုသည့် မူဝါဒကိုချမှတ်ပြီး ပြည်သူများ၏ မျှော်မှန်းသက်တမ်းများ မြင့်မားလာစေရန်နှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်ခြင်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လမ်းညွှန်ချမှတ်ပေးပြီး ခေတ်မီဆေးပညာရပ်များကို လေ့လာနိုင်စေရန်အတွက်လည်း ဘဏ္ဍာငွေများကို ထောက်ပံ့ပေးခဲ့ပါကြောင်း၊ အလားတူ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ မြန်မာ့မီးရထားပို့ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လမ်းညွှန်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဘာသာ၊ သာသနာနှင့်ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲ၏ ထူးခြားသည့် သာသနာ့မှတ်တိုင်မှာ နေပြည်တော်ကောင်စီနယ်မြေတွင် ကမ္ဘာပေါ်ရှိ ကျောက်ဆစ်ရုပ်ပွားတော်များအနက် အကြီးဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်နိုင်ခဲ့ကြောင်း။

**ပြင်ဆင်ဆောင်ရွက်ပေးခဲ့**

လုံခြုံရေးနှင့် ကာကွယ်ရေးအတွက်လည်း ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက်လည်း ခေတ်မီကာကွယ်ရေးနည်းပညာများကို စမ်းသပ်တီထွင်ထုတ်လုပ်နိုင်သည့် အခြေခံကောင်းများကို တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုများနှင့် ပတ်သက်၍လည်း မိုခါမုန်တိုင်းဒဏ်၊ ရာဂီမုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ အလားတူ မန္တလေးငလျင်ကြီးအလွန် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကိုလည်း အလျင်အမြန်ဆောင်ရွက်စေရေး တွန်းအားပေးစီမံညွှန်ကြားခဲ့ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်သည့် ပျက်စီးခဲ့သည့် အခြေခံကျောင်းများနှင့် တက္ကသိုလ်များကိုလည်း ဦးစားပေးအနေဖြင့် ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ မန္တလေး တက္ကသိုလ်နှစ်(၁၀၀) ပြည့်အတွက် မန္တလေးတက္ကသိုလ်ပင်မဆောင်ကို ယခင်မူလလက်ရာအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်နိုင်ခဲ့ပါကြောင်း။

**ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရ**

ထို့အပြင် ဒေသတွင်းနှင့် နိုင်ငံတကာလုံခြုံရေးကို အဓိကခြိမ်းခြောက်လျက်ရှိသည့် အွန်လိုင်းငွေကြေးလိမ်လည်မှုများကိုလည်း အမြစ်ပြတ်ချေမှုန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့ပါကြောင်း၊ ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသော ဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခွင့်ရခြင်းသည် ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တက္ကသိုလ်တို့အတွက် ဂုဏ်ယူဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian Presidential Academy of National Economy and Public Administration,St. Petersburg မှ Director/ Principal ဖြစ်သူ Prof. Andrey Dragomirovich KHLUTKOV နှင့် Altai State Pedagogical University ၏ First Vice–Rector ဖြစ်သူ Prof. Kaigorodov Evgeny Vikorovich ၊ ထိုင်းနိုင်ငံ Mahido University မှ Vice–President ဖြစ်သူ Dr. Thatchaveeleelawat နှင့် ဗီယက်နမ်နိုင်ငံ Ho Chi Minh City University of technology မှ

*စာမျက်နှာ ၄ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အခမ်းအနား တက်ရောက်လာကြသူများ ဘွဲ့နှင်းသဘင်ရှေ့၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၃ မှ*

Vice–President ဖြစ်သူ Dr. Ly Thein Trang တို့က ဂုဏ်ပြုစကားများ အသီးသီးပြောကြားကြသည်။

**အထင်အရှားသက်သေပြသနိုင်ခဲ့**

ထိုသို့ပြောကြားရာတွင် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပါရဂူဘွဲ့ချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ယနေ့ခေတ် ကမ္ဘာ့အခြေအနေတွင် ခိုင်မာသောအုပ်ချုပ်ရေးပညာရပ်၏ အထူးအရေးပါမှုကို သိသာထင်ရှားစေသည့် အဓိပ္ပာယ်သက်ရောက်မှုကြီးမားသော အခမ်းအနားဖြစ်ပါကြောင်း၊ မိမိနိုင်ငံနှင့် ပြည်သူအပေါ် သစ္စာရှိစွာဖြင့် အမှုထမ်းရွက်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဂုဏ်ပြုသည့်အခမ်းအနားပင်ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန်နားလည်မှုများ အားကောင်းခိုင်မာလာစေရန်ဆောင်ရွက်ပေးနေသူ နိုင်ငံတော်အကြီးအကဲကို လူကိုယ်တိုင်တွေ့ဆုံဂါရဝပြုခွင့်ရရှိသည့်အတွက် မိမိတို့အနေဖြင့် များစွာဂုဏ်ယူမိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ကမ္ဘာ့နိုင်ငံရေးဖြစ်စဉ်များအပေါ်တွင် နက်နက်ရှိုင်းရှိုင်း သိမြင်နားလည်မှုများ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကိုယ်ရည်ကိုယ်သွေးမြင့်မားမှုများ၊ ပညာရှင်ပီသမှုများသည် စံနမူနာယူစရာပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ လူ့အဖွဲ့အစည်းအတွက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည်ကို အသိအမှတ်ပြုသည့်အနေဖြင့် ယခုဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခြင်းပင်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ အတွေ့အကြုံနှင့် အသိပညာသည် အနာဂတ်ကို ပုံဖော်ပေးသည့် လူငယ်ခေါင်းဆောင်များ၊ လူငယ်သိပ္ပံပညာရှင်များ၏ ပညာရေးအတွက် အခြေခံကောင်းချမှတ်ပေးနိုင်မည်ဟု မိမိတို့အနေဖြင့် ယုံကြည်ပါကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ (D.P.A.) အပ်နှင်းခြင်းကို ဂုဏ်ပြုရန် စုဝေးရောက်ရှိနေကြခြင်းဖြစ်ပြီး ဒီဂုဏ်ထူးဆောင်ဘွဲ့ဟာ အကြီးအကဲရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံတဲ့ ခေါင်းဆောင်မှုသမိုင်းမှတ်တိုင်ကို ထင်ဟပ်ဖော်ပြနေခြင်းပင် ဖြစ်ကြောင်း၊ အကြီးမားဆုံးအောင်မြင်မှုတစ်ခုမှာ မကြာသေးမီက ကျင်းပပြီးစီးခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာဖြင့် စနစ်တကျ ကျင်းပနိုင်ခဲ့ခြင်းပင်ဖြစ်ပါကြောင်း၊ အဆိုပါမှတ်တိုင်သည် တည်ငြိမ်အေးချမ်းမှုအတွက် ခိုင်မာသည့်အုတ်မြစ်ကို ချမှတ်ပေးခဲ့ပြီး နိုင်ငံတော်၏ အနာဂတ်အတွက် မျှော်မှန်းသည့် ကူးပြောင်းမှုဖြစ်စဉ်ကို အာမခံချက်ပေးနိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအောက်တွင် မြန်မာနိုင်ငံသည် ထွန်းကားစည်ပင်နေပြီဖြစ်သည်ကို နိုင်ငံတကာအသိုက်အဝန်းအတွက် အထင်အရှား သက်သေပြသနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ယခု ၂၀၂၆ ခုနှစ်မှစ၍ နောင်လာနောက်သားမျိုးဆက်များတိုင်အောင် အင်အားတောင့်တင်းခိုင်မာပြီး သာယာဝပြောမှုများတိုးပွားပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း အသီးသီးပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration(D.P.A. honoris causa) ဘွဲ့အား အပ်နှင်းသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှတ်တရမိန့်ခွန်းပြောကြားသည်။ **(မိန့်ခွန်းအပြည့်အစုံအား စာမျက်နှာ ၅ တွင် သီးခြားဖော်ပြထားပါသည်။)**

ဆက်လက်၍ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်းပြောကြားပြီး ဘွဲ့နှင်းသဘင်မိန့်ခွန်းကို မော်ကွန်းတိုက်တွင် ထိန်းသိမ်းရန် ရန်ကုန်တက္ကသိုလ် မော်ကွန်းထိန်းက ကြေညာသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဘွဲ့နှင်းသဘင်ရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရန်ကုန်တက္ကသိုလ်မှ ၁၉၂၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ရဟန်းတော်များ၊ နိုင်ငံရပ်ခြားမှ ခေါင်းဆောင်များ၊ လူပုဂ္ဂိုလ်များအပါအဝင် စုစုပေါင်း ၇၂ ဦးအား ဂုဏ်ထူးဆောင်ဘွဲ့အမျိုးမျိုးချီးမြှင့်ခဲ့ပြီး ချီးမြှင့်ခဲ့သည့်ဘွဲ့များသည် ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့များဖြစ်ကြောင်း၊ ရဟန်းသံဃာများဖြစ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၊ ဘဒ္ဒန္တမာရာဘိဝံသနှင့် ဘဒ္ဒန္တဉာဏိဿရတို့အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကို ချီးမြှင့်ခဲ့ကြောင်း၊ နိုင်ငံတကာခေါင်းဆောင်များဖြစ်သည့် ယူဂိုဆလားဗီးယားသမ္မတ မာရှယ်တီးတိုးနှင့် ဗီယက်နမ်သမ္မတ ဟိုချီမင်းတို့အား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့များ ချီးမြှင့်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သို့ သွားရောက်၍ စာကြည့်တိုက်အတွင်း ရှေးဟောင်းစာအုပ်စာစောင်များအား စနစ်တကျ ထိန်းသိမ်းထားရှိမှုနှင့် ပျက်စီးပျောက်ဆုံးမှုများမရှိစေရေး ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနိုင်ရေး ဆောင်ရွက်ထားရှိမှုများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များမှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တက္ကသိုလ်များဗဟိုစာကြည့်တိုက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟိုင်းကြီးကျွန်းမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲသစ် ဖွင့်ပွဲကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဘဏ်၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ တက်ရောက်၍ ဘဏ်ခွဲသစ်ကို ဖွင့်လှစ်ပေးပြီး ဘဏ်ခွဲသစ်ဆိုင်းဘုတ်ကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးကြသည်။

**ဝိုင်းဝန်းစောင့်ရှောက်ကြရမည်**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယနေ့ ဖွင့်လှစ်နိုင်သည့်အတွက် ဟိုင်းကြီးကျွန်းမြို့ရှိ ဒေသခံပြည်သူများသည် အခြားမြို့သို့ သွားရောက်ပြီး ငွေကြေးဝန်ဆောင်မှုရယူရန် မလိုဘဲ မိမိတို့နေထိုင်ရာမြို့တွင် ငွေကြေးဝန်ဆောင်မှုရရှိနိုင်မည်ဖြစ်ကြောင်း၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဘဏ်ဝန်ထမ်းများနှင့် ပူးပေါင်းပြီး ဘဏ်ခွဲအဆောက်အအုံ လုံခြုံရေး၊ မီးဘေးလုံခြုံရေးတို့အတွက် ဝိုင်းဝန်းစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့စီးပွားရေး ဘဏ်ခွဲဖွင့်လှစ်၍ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းဖြင့် စီးပွားရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာဖြင့်ပက်ဖျန်းပေးကာ ဘဏ်ခွဲသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။



**သတင်းစဉ်**

# ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ဘွဲ့အပ်နှင်းခြင်း အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် အမှာစကားမိန့်ခွန်း

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ယနေ့ကျင်းပပြုလုပ်တဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့အပ်နှင်းခြင်း အခမ်းအနားကို တက်ရောက်လာကြတဲ့ ရန်ကုန်တက္ကသိုလ်မှ သဟာယအဖွဲ့ဝင်များ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင် ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ ပါမောက္ခများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ရန်ကုန်တက္ကသိုလ်ရဲ့ အစဉ်အလာနဲ့အညီ ဒီဘွဲ့နှင်းသဘင်ခန်းမကြီးမှာ မိမိအား ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ အပ်နှင်းတဲ့အတွက် ဝမ်းသာဂုဏ်ယူမဆုံးဖြစ်ရပါတယ်။ မိမိအတွက် သာမက၊ နိုင်ငံတော်ရဲ့ အနာဂတ်ပညာရေးကဏ္ဍမြှင့်တင်မှုမှာ အလွန်ပဲအရေးပါတဲ့ မှတ်တိုင်တစ်ခုအဖြစ် လေးနက်စွာခံယူမိပါတယ်။ ဒ့ါအပြင် မိမိအနေနဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့နဲ့အတူ အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးမှာ ပိုမိုတာဝန်ရှိလာတယ်လို့ ခံယူမိပါတယ်။ အနာဂတ်ခရီးလမ်းအတွက် ခွန်အားတစ်ခုလည်း ဖြစ်ပါတယ်။

၁၉၂၁ ခုနှစ် ကနေ ၂၀၂၀ ပြည့်နှစ်အထိ ဒီဘွဲ့နှင်းသဘင်ခန်းမထဲမှာ ရဟန်းတော်များ၊ နိုင်ငံရပ်ခြားမှ ခေါင်းဆောင်များ၊ လူပုဂ္ဂိုလ်များ အပါအဝင် စုစုပေါင်း ၇၂ ဦးအား ဂုဏ်ထူးဆောင်ဘွဲ့အမျိုးမျိုး ချီးမြှင့်ခဲ့ပြီး ချီးမြှင့်ခဲ့တဲ့ဘွဲ့တွေဟာ ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့၊ ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့တွေ ဖြစ်တယ်ဆိုတာ သိရပါတယ်။ ရဟန်းသံဃာများဖြစ်တဲ့ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီလာ နန္ဒာဘိဝံသ၊ ဘဒ္ဒန္တမာရာဘိဝံသနှင့် ဘဒ္ဒန္တဉာဏိဿရတို့အား ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ကိုချီးမြှင့်ခဲ့ပြီး နိုင်ငံတကာခေါင်းဆောင်များဖြစ်တဲ့ ယူဂိုဆလားဗီးယားသမ္မတ မာရှယ်တီးတိုးနဲ့ ဗီယက်နမ်သမ္မတ ဟိုချီမင်းတို့အား ဂုဏ်ထူးဆောင်ဥပဒေပါရဂူဘွဲ့တွေ ချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။

ယခု ၂၀၂၆ ခုနှစ်မှာ ၁၀၆ နှစ် ပြည့်မြောက်ပြီဖြစ်တဲ့ ရန်ကုန်တက္ကသိုလ်ကြီးက ကျွန်တော့်ကို ပထမဆုံးသော ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ အပ်နှင်းခြင်းခံရတဲ့အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါတယ်။ မိမိအနေနဲ့ ဒီတက္ကသိုလ်ကြီးမှာ ၁၉၇၂-၇၃ ခုနှစ် ကာလက ဥပဒေပညာဘာသာအဓိက သင်ယူခဲ့တာကို အမှတ်ရနေပါတယ်။

၁၉၇၂ ခုနှစ်၊ ပထမနှစ် သင်တန်းတက်စဉ်က ရာမညဆောင်မှာ ဖြစ်ပြီး ဒုတိယနှစ်မှာတော့ ဝိဇ္ဇာ(ဌာန)ဘက်မှာတက်ရပြီး ၁၉၇၄ ခုနှစ်၊ ဇန်နဝါရီလမှ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းကို ပြောင်းရွှေ့တက်ခဲ့တာဖြစ်ပါတယ်။ စိမ်းလန်းစိုပြည်သာယာလှပတဲ့ ကံ့ကော်ပင်များ၊ စေတနာအပြည့် ခွန်အားစိုက်ထုတ်ပြီး သင်ကြားပေးတဲ့ ဆရာ၊ ဆရာမများ၊ ကျောင်းတက်ဖော်များနဲ့ တက္ကသိုလ်စာကြည့်တိုက်ကြီးကိုလည်း သတိတရရှိပါတယ်။ အလားတူပဲ အမှတ်(၁)တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ် (No.1 U.T.C) မှာ သင်တန်းသားတပ်ဖွဲ့ဝင်အနေနဲ့ ၁၉၇၂-၇၃ ကာလများအတွင်း တပ်မတော်သားဘဝ အစပျိုးခဲ့ရတာလည်း သတိရမိပါတယ်။

၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁ ရက်မှာ စတင်တည်ထောင်ခဲ့တဲ့ ရာပြည့်ကျော်လာတဲ့ ရန်ကုန်တက္ကသိုလ်ကြီးဟာ နိုင်ငံတော်ရဲ့သမိုင်းအစဉ်အလာကောင်းတဲ့၊ အဖိုးမဖြတ်နိုင်တဲ့ ပညာရေးအမွေအနှစ်တစ်ခု ဖြစ်ပါတယ်။ သမိုင်းတစ်လျှောက်မှာ ရန်ကုန်တက္ကသိုလ်ဟာ အရှေ့တောင်အာရှရဲ့ အဆင့်မြင့်ဆုံးနဲ့ ဂုဏ်အရှိဆုံးတက္ကသိုလ်တစ်ခုအဖြစ် ထင်ရှားကျော်ကြားခဲ့တာဖြစ်ပါတယ်။ ပညာရပ်ဆိုင်ရာ သာမကဘဲ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းရဲ့ သန္ဓေတည်ရာနဲ့ မျိုးချစ်စိတ်ဓာတ်တွေ ရှင်သန်ထက်မြက်ရာ နေရာတစ်ခုလည်း ဖြစ်ခဲ့သလို နိုင်ငံ့ခေါင်းဆောင်များစွာကို မွေးထုတ်ပေးခဲ့တဲ့ တက္ကသိုလ်ကြီးလည်း ဖြစ်ပါတယ်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက် ထင်ရှားခဲ့တဲ့ ခေါင်းဆောင်ကြီးများနှင့် ပညာရှင်ကြီးတွေဟာ ရန်ကုန်တက္ကသိုလ်ကြီးက မွေးထုတ်ပေးလိုက်တဲ့ ပညာရတနာတွေပဲ ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးကဏ္ဍအသီးသီးမှ အသိပညာ၊ အတတ်ပညာရှင်တွေကလည်း မိခင်တက္ကသိုလ်ရဲ့ လေ့ကျင့်သင်ကြားပေးမှုတွေနဲ့အတူ နိုင်ငံတော်ရဲ့ တာဝန်တွေကို ကျရာကဏ္ဍကနေ ကျေပွန်စွာ ထမ်းဆောင်နေကြတာ ဖြစ်ပါတယ်။

**တက်ရောက်လာကြသော ဧည့်သည်တော်များခင်ဗျာ**

နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍမှာ ခိုင်မာတဲ့ အခြေခံအဆောက်အအုံတွေ တည်ဆောက်ခြင်းဟာ အရေးကြီးသလို၊ ပိုမိုခိုင်မာတဲ့ **'အသိပညာ အဆောက်အအုံ'** တွေကို တည်ဆောက်ရေးက ပိုမိုအရေးကြီးတယ်လို့ ခံယူတာဖြစ်လို့ မိမိတာဝန်ယူတဲ့ကာလမှာ ပညာရေးကို အထူးအလေးထားလျက် မျိုးဆက်သစ်လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေ မွေးထုတ်နိုင်ဖို့ ထိရောက်တဲ့သင်ကြားသင်ယူမှုရရှိစေရေး လိုအပ်တဲ့ဆရာအင်အားကို မွေးထုတ်ပေးနိုင်ဖို့ မူဝါဒတွေလမ်းညွှန်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတော်ရဲ့ တာဝန်ကို စတင်တာဝန်ယူခဲ့ရတဲ့အချိန်ဟာ ကမ္ဘာလုံးဆိုင်ရာ ကိုဗစ် (၁၉) ကပ်ရောဂါဘေးနဲ့အတူ ပြည်တွင်းမှာလည်း နိုင်ငံရေးအရ မတည်ငြိမ်မှုတွေ၊ နှောင့်ယှက်ဖျက်ဆီးမှုတွေ ပြင်းထန်နေတဲ့ကာလ ဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့စိန်ခေါ်မှုတွေကြားကနေ မိမိတို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ပညာရေးဟာ မဆိုင်းမတွ လုပ်ဆောင်ရမယ့်လုပ်ငန်းလို့ ခိုင်ခိုင်မာမာခံယူပြီး ကျောင်းသား၊ ကျောင်းသူတွေရဲ့ ပညာသင်ယူခွင့် အခွင့်အလမ်းတွေ မဆုံးရှုံးစေဖို့ အခြေခံပညာကျောင်းတွေကစလို့ တက္ကသိုလ်၊ ကောလိပ်တွေအထိ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

အချို့အဖျက်အမှောင့်လုပ်ဆောင်သူတွေဟာ မျိုးဆက်သစ်လူငယ်တွေရဲ့ အနာဂတ်ကိုဖျက်ဆီးဖို့ ပညာရေးကဏ္ဍကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြတာ အားလုံးအသိပဲဖြစ်ပါတယ်။ ကျောင်းတွေကို ပိတ်ခိုင်းတာ၊ ဆရာ၊ ဆရာမတွေကို DCS ပြုလုပ်ဖို့ ဖိအားပေးတာနဲ့ ကျောင်းသားတွေကို ခြိမ်းခြောက်တာတွေရှိခဲ့ပေမယ့် နိုင်ငံတော်အစိုးရအနေနဲ့ ပညာရေးယန္တရားရပ်တန့်မသွားစေဖို့ လုံခြုံရေးနဲ့ စီမံခန့်ခွဲမှုတွေကို အထူးဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။ ပညာသင်ကြားရေးဟာ နိုင်ငံရေးရဲ့ ဓားစာခံဘယ်တော့မှ မဖြစ်စေရဘူးဆိုတဲ့ ခိုင်မာတဲ့ ရပ်တည်ချက်နဲ့ မိမိတို့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ သစ္စာရှိ ပညာရေးဝန်ထမ်းအသီးသီးကလည်း မိမိတို့ရဲ့တပည့်များ ပညာအဆက်မပြတ်စေဖို့ စွန့်လွှတ်စွန့်စားစွာနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့လို့သာ လက်ရှိအခြေအနေကို ရောက်ရှိလာခြင်းဖြစ်ပါတယ်။ ဒီအတွက်လည်း ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူရပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုအနိမ့်အမြင့်ဟာ အဲဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသားတွေရဲ့ ပညာအရည်အသွေးပေါ်မှာပဲ တိုက်ရိုက်မူတည်နေတာ ဖြစ်ပါတယ်။ ပညာရေးဟာ မိမိတို့ တိုင်းရင်းသားပြည်သူတွေရဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မြှင့်တင်ပေးပြီး မတူကွဲပြားမှုတွေကြားကနေ စည်းလုံးညီညွတ်မှုကိုဖော်ဆောင်ပေးနိုင်တဲ့ တစ်ခုတည်းသော စွမ်းအားစုလည်း ဖြစ်ပါတယ်။

စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးပေါ်ထွန်းလာဖို့ဆိုတာ နိုင်ငံတစ်ဝန်းမှာ အသိပညာ၊ အတတ်ပညာနဲ့ပြည့်စုံတဲ့ နိုင်ငံသားတွေရှိဖို့က အဓိကလိုအပ်ချက်ပဲ ဖြစ်ပါတယ်။ ပညာရေးကို အားပေးမြှင့်တင်တာဟာ နိုင်ငံတော်ရဲ့ အနာဂတ်အတွက် **'အမြတ်စွန်းဆုံးသော ရင်းနှီးမြှုပ်နှံမှု'** ဖြစ်ပါတယ်။ ယနေ့အပ်နှင်းတဲ့ ဂုဏ်ထူးဆောင်ဘွဲ့ကို အသိအမှတ်ပြုခြင်းအားဖြင့် နောင်လာမယ့် အနာဂတ်ကာလတွေမှာလည်း မြန်မာ့ပညာရေးကဏ္ဍ ပိုမိုမြင့်မားတိုးတက်စေဖို့နဲ့ ပညာတတ်တွေ ပေါကြွယ်ဝတဲ့ နိုင်ငံတော်ကြီးဖြစ်လာစေဖို့ ကျွန်တော့်အနေနဲ့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကမ္ဘာ့မြေပေါ်မှာ သယံဇာတအလွန်ရှားပါးပေမယ့် ပညာရေးကိုအရင်းတည်ပြီး ကမ္ဘာ့ထိပ်တန်းစီးပွားရေးအင်အားကြီးနိုင်ငံတွေ ဖြစ်လာခဲ့တဲ့ သာဓကတွေကို အလေးအနက်သတိပြုကြရမှာ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်အပြီး ပြာပုံဘဝကနေ ပြန်လည်ရုန်းထခဲ့ရတဲ့ ဂျပန်နိုင်ငံနဲ့ ပြည်တွင်းစစ်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရတဲ့ တောင်ကိုရီးယားနိုင်ငံတို့ရဲ့ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွေကို ကြည့်မယ်ဆိုရင် သဘာဝသယံဇာတထက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုသာ အမျိုးသားရေးမဟာဗျူဟာအဖြစ် အလေးထားချမှတ်ခဲ့ကြတာကို တွေ့ရပါမယ်။ ဒါဟာ နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုဆိုတာ မြေပေါ်မြေအောက်သယံဇာတတွေထက် နိုင်ငံသားတွေရဲ့ အသိပညာ၊ အတတ်ပညာ အရည်အသွေးပေါ်မှာပဲ တိုက်ရိုက်အချိုးကျတည်မှီနေတယ်ဆိုတာကို အထင်အရှား သက်သေပြနေတာပဲ ဖြစ်ပါတယ်။

နိုင်ငံတော်က ပညာရေးကဏ္ဍအတွက် ဘဏ္ဍာငွေတိုးမြှင့်ချထားပေးတာ၊ ကျောင်းတွေအဆင့်မြှင့်တာနဲ့ ဆရာ၊ ဆရာမတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးနေတာတွေဟာ နောင်လာမယ့် ဆယ်စုနှစ်တွေမှာ ရရှိလာမယ့် နိုင်ငံ့အင်အားအတွက် အခြေခံအုတ်မြစ်ချပေးနေခြင်းပဲ ဖြစ်ပါတယ်။ မိမိတို့အားလုံးဟာ ပညာရေးကိုအခြေခံပြီး နိုင်ငံတော်ကိုခေတ်မီဖွံ့ဖြိုးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ဝင့်ထည်စွာရပ်တည်နိုင်အောင် မဆုတ်မနစ်တဲ့ဇွဲ၊ လုံ့လတွေနဲ့ ဆက်လက် ကြိုးပမ်းသွားကြရမှာဖြစ်ပါတယ်။

မိမိတို့အနေနဲ့ တိုင်းရင်းသားဒေသတွေမှာ ပညာရေးကွာဟမှုမရှိစေဖို့ ဝေးလံခေါင်ဖျားတဲ့ဒေသတွေအထိ ကျောင်းတွေပြန်ဖွင့်တာနဲ့ ဆရာ၊ ဆရာမတွေ ဖြည့်ဆည်းပေးတာကို ဦးစားပေးလုပ်ဆောင်ခဲ့ပါတယ်။ ဒါဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ဖို့အတွက်

*စာမျက်နှာ ၆ သို့*

> ❂ **နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်မှုအနိမ့်အမြင့်ဟာ အဲဒီနိုင်ငံမှာရှိတဲ့ နိုင်ငံသားတွေရဲ့ ပညာအရည်အသွေးပေါ်မှာပဲ တိုက်ရိုက်မူတည်နေတာ ဖြစ်ပါတယ်။ ပညာရေးဟာ မိမိတို့ တိုင်းရင်းသားပြည်သူတွေရဲ့ ဝေဖန်ပိုင်းခြားနိုင်စွမ်းကို မြှင့်တင်ပေးပြီး မတူကွဲပြားမှုတွေကြားကနေ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်ပေးနိုင်တဲ့ တစ်ခုတည်းသော စွမ်းအားစုလည်း ဖြစ်ပါတယ်**
>
> ❂ **နိုင်ငံတစ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုဆိုတာ မြေပေါ်မြေအောက်သယံဇာတတွေထက် နိုင်ငံသားတွေရဲ့ အသိပညာ၊ အတတ်ပညာ အရည်အသွေးပေါ်မှာပဲ တိုက်ရိုက်အချိုးကျတည်မှီနေတယ်ဆိုတာကို အထင်အရှား သက်သေပြနေတာပဲ ဖြစ်ပါတယ်**

*စာမျက်နှာ ၅ မှ*

ပညာရေးနဲ့ ရင်းနှီးမြှုပ်နှံခြင်းပဲ ဖြစ်ပါတယ်။ ဝေးလံခေါင်ဖျားတဲ့ ဒေသအချို့နဲ့ လုံခြုံရေးအရ ထိရှလွယ်တဲ့ နေရာတွေမှာ ကလေးငယ်များ ပညာသင်ကြားခွင့် အနှောင့်အယှက်ဖြစ်နေရတာကို မိမိတို့ အထူးဂရုပြုလျက်ရှိပါတယ်။ ၂၀၂၁ ခုနှစ်မှာ စတင်ကြုံတွေ့ခဲ့ရတဲ့ ကြီးမားတဲ့ ဆရာ၊ ဆရာမလျော့နည်းမှု အခက်အခဲများကြားက နိုင်ငံတော်အနေနဲ့ **ကျောင်းသားရှိလျှင် ဆရာရှိရမည်၊ ကျောင်းရှိလျှင် ဆရာရှိရမည်** ဆိုတဲ့မူဝါဒကို ခိုင်ခိုင်မာမာကိုင်စွဲပြီး လုံခြုံရေးနဲ့ သင်ကြားရေးယန္တရားများကို အစွမ်းကုန်ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ဆရာ၊ ဆရာမလိုအပ်ချက်ရှိတဲ့ ဒေသတွေမှာလည်း ဒေသခံလူငယ်တွေကို ဆရာအတတ်ပညာသင်တန်းများပေးပြီး ပြန်လည်ခန့်အပ်ခြင်းဖြင့် ပညာရည်ကွာဟမှုကို လျှော့ချနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။

မိမိတို့အနေနဲ့ အနာဂတ်မှာ လျှောက်လှမ်းမယ့် ပညာရေးရည်မှန်းချက်ကတော့ **"အရည်အသွေးရှိသော ပညာရေးမှသည် နိုင်ငံတော်၏ အင်အားသို့"** ဆိုတဲ့ ဦးတည်ချက်နဲ့ ပြုပြင်ပြောင်းလဲမှုတွေကို အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်။ ယနေ့ ကမ္ဘာ့ဖွံ့ဖြိုးပြီး နိုင်ငံအများစုကို လေ့လာကြည့်ရင် ဒေသအလိုက်အရင်းအမြစ်တွေအပေါ်အခြေခံတဲ့ သက်မွေးပညာရပ်တွေကို အားပေးတာဟာ အလုပ်လက်မဲ့နှုန်းကို လျှော့ချပေးနိုင်ရုံသာမကဘဲ၊ ဒေသတွင်းကုန်ထုတ်လုပ်မှုနဲ့ စီးပွားရေးကိုပါ ဟန်ချက်ညီညီ မြှင့်တင်ပေးနိုင်ခဲ့တာ တွေ့ရမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးအခြေခံတဲ့ နိုင်ငံဖြစ်တဲ့ မိမိတို့အနေနဲ့လည်း အဲဒီလိုအောင်မြင်တဲ့ စံနမူနာတွေကို လေ့လာပြီး နိုင်ငံတော်ကချမှတ်ထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ စက်မှုနည်းပညာဆိုင်ရာမူဝါဒဟာ ဒေသအလိုက် ကုန်ထုတ်လုပ်မှု အားကောင်းစေပြီး ပြည်တွင်းစီးပွားရေးကို အခြေခံကစတင်ပြီး မြှင့်တင်ပေးနိုင်မှာ ဖြစ်ပါတယ်။

အကျိုးဆက်အနေနဲ့ လူငယ်တွေ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမှာဖြစ်တယ်။ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးဆိုင်ရာ သိပ္ပံကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးခြင်းဟာ အခြေခံပညာပြီးဆုံးပြီးတဲ့အခါ တက္ကသိုလ်ဆက်မတက်နိုင်သူတွေအတွက် ဘဝရပ်တည်နိုင်မယ့် အတတ်ပညာတစ်ခုပိုင်ဆိုင်စေဖို့နဲ့ နိုင်ငံတော်ရဲ့ ကုန်ထုတ်လုပ်မှုကဏ္ဍအတွက် ကျွမ်းကျင်လုပ်သားတွေ ဖြည့်ဆည်းပေးဖို့ ရည်ရွယ်တာ ဖြစ်ပါတယ်။

**ဉာဏ်သည်တော်များခင်ဗျာ**

သိပ္ပံနဲ့နည်းပညာကဏ္ဍကို နိုင်ငံတော်ရဲ့ အနာဂတ်အင်အားအဖြစ် ရှုမြင်ပြီး နည်းပညာနဲ့ ကွန်ပျူတာတက္ကသိုလ်တွေရဲ့ အရည်အသွေးကို အရှိန်အဟုန်မြှင့်တင်ပေးခဲ့ပါတယ်။ အထူးသဖြင့် နေပြည်တော်မှာ ကမ္ဘာ့အဆင့်မီ **Naypyitaw State Academy နှင့် Naypyitaw State Polytechnic University** တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခုစီမှာလည်း Polytechnic University တွေကို တည်ထောင်ခဲ့တာဟာ နိုင်ငံတော်အတွက် လိုအပ်နေတဲ့ အဆင့်မြင့် အင်ဂျင်နီယာတွေနဲ့ သုတေသနပညာရှင်တွေ မွေးထုတ်ပေးဖို့ ကြီးမားတဲ့ ခြေလှမ်းတစ်ရပ်ပဲ ဖြစ်ပါတယ်။

ဒ့ါအပြင် ပညာရေးအရည်အသွေးမြင့်မားစေဖို့ ဆရာ၊ ဆရာမတွေရဲ့ အရည်အချင်းဟာ အဓိကကျတဲ့အတွက် ပညာရေးတက္ကသိုလ်နဲ့ ပညာရေးဒီဂရီကောလိပ်တွေကို အဆင့်မြှင့်တင်ပေးလျက်ရှိပါတယ်။ ဆရာ၊ ဆရာမတွေအနေနဲ့ ခေတ်မီနည်းစနစ်တွေကို တတ်မြောက်ရုံသာမက နိုင်ငံချစ်စိတ်နဲ့ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ မျိုးဆက်သစ်တွေကို ပျိုးထောင်ပေးနိုင်ဖို့ နိုင်ငံတော်မှာတာဝန်ရှိတဲ့အတွက် လိုအပ်တဲ့မူဝါဒပိုင်းနဲ့ လူမှုစီးပွားဆိုင်ရာပံ့ပိုးမှုတွေကို အစဉ်တစိုက် ဖြည့်ဆည်းပေးသွားမှာ ဖြစ်ပါတယ်။

ပညာရေးကဏ္ဍမှာ တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရှင်တွေ၊ ဆရာ၊ ဆရာမတွေနဲ့ စီမံခန့်ခွဲသူတွေအားလုံးကို တိုက်တွန်းလိုတာတစ်ခုကတော့ ပညာရေးဆိုတာဟာ စာသင်ခန်းထဲတွင်သာ ရှိတာမဟုတ်ဘဲ နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာကို ဆောက်တည်ပေးနေတဲ့ အခြေခံအုတ်မြစ်ဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်းထားကြဖို့ ဖြစ်ပါတယ်။ မိမိတို့ချမှတ်ထားတဲ့ မူဝါဒများနဲ့ ရှေ့လုပ်ငန်းစဉ်တွေဟာ စာရွက်ပေါ်မှာသာရှိမနေဘဲ မြေပြင်မှာလက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် သင်ကြားရေးစနစ်တွေကို ခေတ်နဲ့အညီ ပြောင်းလဲရာမှာ ဆရာ၊ ဆရာမများရဲ့ ဦးဆောင်မှုကဏ္ဍဟာ အလွန်အရေးကြီးပါတယ်။ တက္ကသိုလ်တွေဟာ နိုင်ငံတော်အတွက် ဆန်းသစ်တီထွင်မှုတွေကို ဖန်တီးပေးရာနေရာတွေ ဖြစ်လာရမှာဖြစ်ပါတယ်။ ဒါကြောင့် တက္ကသိုလ်တွေရဲ့ ပညာရေးမူဝါဒမှာ **သုတေသနအခြေပြုတက္ကသိုလ်များ** ဖြစ်လာစေရေးကို အလေးထားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တက္ကသိုလ်များနဲ့ ကောလိပ်များအနေနဲ့ မိမိတို့ရဲ့ ဘာသာရပ်ဆိုင်ရာ သုတေသနများကို နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်များနှင့် ချိတ်ဆက်ရန် တိုက်တွန်းလိုပါတယ်။

ဆရာ၊ ဆရာမတွေအနေနဲ့လည်း တပည့်တွေကို အသိပညာ၊ အတတ်ပညာ သင်ကြားပေးရုံသာမက မျိုးချစ်စိတ်နဲ့ စည်းကမ်းကောင်းမွန်တဲ့စိတ်ဓာတ်များ ကိန်းအောင်းလာစေဖို့ စံနမူနာပြ လုပ်ဆောင်ပျိုးထောင်ပေးကြရမှာ ဖြစ်ပါတယ်။ ဆရာ၊ တပည့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင် **ဗလငါးတန်**နဲ့ ပြည့်စုံတဲ့ လူငယ်တွေပေါ်ထွန်းလာမှာဖြစ်ပြီး လူသားအရင်းအမြစ်ကောင်းများအဖြစ် နိုင်ငံတော်ကို အကျိုးပြုနိုင်မှာ ဖြစ်ပါတယ်။

မိမိတို့ဆောင်ရွက်ခဲ့တဲ့ ဒီပြုပြင်ပြောင်းလဲမှုတွေဟာ နောင်လာမယ့် နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်းတွေ ဖြစ်လာမှာပါ။ မိမိကို အပ်နှင်းတဲ့ ဂုဏ်ထူးဆောင်ဘွဲ့နဲ့အညီ နိုင်ငံတော်အနေနဲ့ ပညာရေးကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေဖို့ အမျိုးသားရေးဦးတည်ချက်အဖြစ် ဆက်လက်ပြီး အရှိန်အဟုန်မပျက် အားပေးကူညီသွားမယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ ရန်ကုန်တက္ကသိုလ်ကြီးရဲ့ ကျောင်းသားဟောင်းတစ်ယောက်ဖြစ်တယ်လို့ အမြဲခံယူပြီး တက္ကသိုလ်ကြီးရဲ့ အတိတ်ဂုဏ်ရည်ကို ပြန်လည်ဖော်ဆောင်ပြီး ကမ္ဘာ့အဆင့်မီတက္ကသိုလ်တစ်ခု ဖြစ်လာစေဖို့ ဘက်ပေါင်းစုံကနေ အဆင့်မြှင့်တင်မှုတွေ ဆက်လက်ပံ့ပိုးကူညီပေးသွားမှာ ဖြစ်ပါတယ်။ တက္ကသိုလ်ကြီးရဲ့ သမိုင်းဝင်အဆောက်အအုံတွေကို ထိန်းသိမ်းရုံတင်မကဘဲ သင်ကြားရေးနဲ့ သုတေသနကဏ္ဍတွေမှာလည်း နိုင်ငံတကာစံနှုန်းတွေနဲ့ အညီဖြစ်စေဖို့ ကြိုးပမ်းနေတာဟာ နောင်လာမယ့် မျိုးဆက်သစ်တွေအတွက် ဂုဏ်ယူဖွယ်ရာ ပညာရေးပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးပေးလိုခြင်းပဲဖြစ်ပါတယ်။ ရန်ကုန်တက္ကသိုလ်ကြီးဟာ နောင်နှစ်ပေါင်းများစွာတိုင်အောင် နိုင်ငံတော်အတွက် ထူးချွန်ထက်မြက်တဲ့ လူသားအရင်းအမြစ်တွေကို ဆက်လက်မွေးထုတ်ပေးနေမယ့် **အသိပညာရဲ့ အလင်းတိုင်ကြီး**အဖြစ် ဆက်လက်တည်ရှိနေရမှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယနေ့ မိမိအားအပ်နှင်းလိုက်တဲ့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ဟာ မိမိတစ်ဦးတည်းအတွက်မဟုတ်ဘဲ နိုင်ငံတော်ရဲ့ ပညာရေးကဏ္ဍမြှင့်တင်ဖို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းနေကြတဲ့ ဆရာ၊ ဆရာမတွေနဲ့ ပညာရေးဝန်ထမ်းအားလုံးအတွက်လို့ ထင်မြင်မိပါတယ်။ ဤဂုဏ်ထူးဆောင်ဘွဲ့ကို ကိုယ်ပိုင်အောင်မြင်မှုတစ်ခုအဖြစ်မခံယူဘဲ နိုင်ငံအတွက်ပိုမိုတာဝန်ယူရမယ့် အခန်းကဏ္ဍအသစ်တစ်ရပ်အဖြစ် ခံယူပါတယ်။ နိုင်ငံတော်နဲ့ပြည်သူ့အတွက် ပညာရေးတာဝန်တွေကို ယခုထက် ပိုမိုထမ်းဆောင်ဖို့ ခွန်အားသစ်တွေကို ပေးစွမ်းစေပါတယ်။ မိမိတို့အားလုံး စည်းစည်းလုံးလုံးနဲ့ ပညာရေးကိုအခြေခံပြီး နိုင်ငံတော်ကို တည်ဆောက်ကြမယ်ဆိုရင် မဝေးတော့တဲ့အနာဂတ်မှာ မြန်မာနိုင်ငံဟာ ကမ္ဘာ့အလယ်မှာ တင့်တယ်ဝင့်ထည်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်လာမှာ အမှန်ပဲဖြစ်ပါတယ်။ မိမိအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေရဲ့အနာဂတ်ကို ပိုမိုတောက်ပခိုင်မာပြီး ပြည်သူတွေရဲ့ မျှော်လင့်ချက်ပြည့်ဝစေဖို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ ပြောကြားလိုပါတယ်။ ရန်ကုန်တက္ကသိုလ်ရဲ့ အဓိပတိဖြစ်တဲ့ ပါမောက္ခချုပ်နဲ့ သဟာယလူကြီးများအားလုံးကို ဤဂုဏ်ပြုမှုအတွက် ကျေးဇူးတင်ကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

# ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် Projects Show and Career Fair 2026 အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာ ဦးစီးဌာန ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် Projects Show and Career Fair 2026 အခမ်းအနားကို ယမန်နေ့က လှိုင်သာယာမြို့နယ် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အဆိုပါပြပွဲကို ကျောင်းသားကျောင်းသူများကြိုးစားအားထုတ်မှု၊ တီထွင်ဆန်းသစ်မှုများအား ပြသနိုင်သော ပွဲတော်ဖြစ်ပြီး တက္ကသိုလ်နှင့် စက်မှုလုပ်ငန်းကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်မှုပိုင်းတွင် အထောက်အကူပြုသည့် အခွင့်အလမ်းတစ်ရပ်လည်း ဖြစ်ကြောင်း သိရသည်။

**ပရောဂျက် ၆၈ခု ပြသထား**

ပြပွဲတွင် ကျောင်းသားကျောင်းသူများ လက်တွေ့လုပ်ကိုင်နိုင်စွမ်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနှင့် ပြဿနာဖြေရှင်းနိုင်စွမ်းများအပြင် ခေတ်နှင့်အညီ ပြောင်းလဲ တိုးတက်လာသည့် နည်းပညာများ ပြသထားသော ပြခန်းပေါင်း ၄၅ ခန်း ပါဝင်ပြီး ကျောင်းသား ကျောင်းသူများ၏ နည်းပညာများကို အသုံးချ ဖန်တီးထားသည့် ပရောဂျက် Show ၆၈ခု ကိုလည်း ပြသထားကြောင်း သိရသည်။

"University Industry Collaboration ပူးပေါင်းဆောင်ရွက်မှုက ပညာရေးရဲ့ အရည်အသွေးကို မြှင့်တင်ပေးနိုင်သလို စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ လိုအပ်ချက်တွေကိုလည်း အထောက်အကူပြု နိုင်တယ်။ သုတေသန၊ သင်ရိုးညွှန်းတမ်း ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းသားကျောင်းသူတွေ အလုပ်အကိုင်ရရှိရေးနဲ့ Industry တွေရဲ့ အောင်မြင်မှုကတစ်ဆင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုသောအရေးကြီးတဲ့ပူးပေါင်းဆောင်ရွက်မှု ပုံစံတစ်ရပ်ဖြစ်ပါတယ်။ ထိုပူးပေါင်းဆောင်ရွက်မှုကနေတစ်ဆင့် တက္ကသိုလ်တွေအနေနဲ့ လက်တွေ့ကျတဲ့ အသိပညာတွေရရှိနိုင်ပြီး လုပ်ငန်းတွေအနေနဲ့လည်း တီထွင်ဆန်းသစ်မှုများ (Innovation) မြှင့်တင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုဖန်တီးနိုင်မှာ ဖြစ်ပါတယ်" ဟု ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ် Projects Show and Career Fair 2026 အခမ်းအနားတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ဇေယျာက မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် Projects Show and Career Fair 2026 ပြပွဲမှတစ်ဆင့် ကုမ္ပဏီအသီးသီးမှ လိုအပ်နေသောလူ့စွမ်းအားအရင်းအမြစ်များနှင့် ကျောင်းသားကျောင်းသူများကို တိုက်ရိုက်တွေ့ဆုံနိုင်စေပြီး Internship နှင့် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်ရေးကိုလည်း ချိတ်ဆက်ပေးနိုင်ကြောင်း သိရသည်။

''ယနေ့ကျင်းပတဲ့ Projects Show and Career Fair ကတော့ ကလေးတွေရဲ့ တီထွင်ဆန်းသစ်ထားတဲ့ ပရောဂျက်တွေကို ပြည်သူလူထုကို ချပြချင်တာပါ။ အရင်ကတော့ ဘွဲ့၊ သင်တန်းတွေ၊ ဒီဂရီတွေ၊ Requirement အနေနဲ့ပဲ လုပ်ခဲ့တာ၊ ဒါပေမယ့် သူတို့ရဲ့ လုပ်ဆောင်ထားတာကို ကျွန်တော်တို့ပဲ သိတယ်၊ Industry ဆိုက်ဘက် မသိဘူး။ Industryဘက်ကို ချပြလိုက်တဲ့အချိန်မှာ သူတို့ရဲ့ အရည်အချင်းတွေကို Industry ဘက်ကမြင်တွေ့ရမယ်။ တက္ကသိုလ်နဲ့ စက်မှုလုပ်ငန်းကဏ္ဍတို့ပူးပေါင်းဆောင်ရွက်မှုကလည်း အရေးကြီးတယ်။ အရေးကြီးတဲ့ အချိန်မှာ Industry ဘက်ကို ကျွန်တော်တို့က ချိတ်ဆက်လိုက်တာပါ''ဟု ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကြည်စိုးက ပြောသည်။

**မွေးထုတ်ပေးနိုင်ခဲ့**

ရန်ကုန် အနောက်ပိုင်း နည်းပညာတက္ကသိုလ်တွင် မြို့ပြအင်ဂျင်နီယာ၊ အီလက်ထရွန်နစ်အင်ဂျင်နီယာ၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ၊ စက်မှုအင်ဂျင်နီယာ၊ သုတနည်းပညာ အင်ဂျင်နီယာ၊ မက်ကာထရောနစ်အင်ဂျင်နီယာ၊ ဓာတုအင်ဂျင်နီယာ၊ ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ၊ သတ္တုဗေဒအင်ဂျင်နီယာ၊ စိုက်ပျိုးရေးအင်ဂျင်နီယာ၊ ဗိသုကာစသည့် ဘာသာရပ် ၁၁ခုကို သင်ကြားပို့ချလျက်ရှိပြီး ယနေ့အထိ အင်ဂျင်နီယာနှင့် ဗိသုကာအရေအတွက် ၁၂၆၂၉ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယခုပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၂၃၅၅ ဦး တက်ရောက်ပညာသင်ကြား လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်(၂၀၂၆) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်(၂၀၂၆) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

- ❖ **ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်း၊ လုပ်ငန်းတိုင်းသည် သုတေသနပြုမှုများကို အထူးဦးစားပေးအဖြစ် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြသည်ကို တွေ့ရ**
- ❖ **လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုတိုင်းတွင် ပြန်လည်သုံးသပ်မှု၊ သုတေသနပြုလုပ်မှုနှင့် ဆန်းသစ်တီထွင်မှုများရှိမှသာ တိုးတက်အောင်မြင်မည်ဖြစ်**

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော် (၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် သုတေသနနှင့် ဆန်းသစ်တီထွင်မှုစင်တာ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခဆရာကြီး၊ ဆရာမကြီးများ၊ ပါမောက္ခများ၊ Doctor of Science ဘွဲ့ရရှိထားသည့် တပ်မတော်အရာရှိကြီးများ၊ ပြည်တွင်းပြည်ပစာတမ်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ မှတ်တမ်းဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော် ဖွင့်ပွဲအခမ်းအနားဖြစ်ကြောင်း။

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့သည် စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၉ ခုနှစ်မှစပြီး နိုင်ငံတစ်ဝန်းလုံးရှိတက္ကသိုလ်များမှဝိဇ္ဇာသိပ္ပံပညာရပ်များ ဖွံ့ဖြိုးတိုးတက်မှုအတွက် မီးရှူးတန်ဆောင်ဖြစ်သည့် သုတေသနညီလာခံကြီးများ ကျင်းပလာသည်မှာ ယခုအခါ (၂၅)ကြိမ်မြောက် ငွေရတုတိုင်ခဲ့ပြီဖြစ်ကြောင်း။

သုတေသနဆိုသည်မှာ အကြောင်းအရာတစ်ရပ်ကို ခြေခြေမြစ်မြစ် သိရှိနိုင်ရန် ပညာအမြော်အမြင်နှင့် လေ့လာရှာဖွေဖော်ထုတ်ခြင်းပင်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတိုင်း၊ လုပ်ငန်းတိုင်းသည် သုတေသနပြုမှုများကို အထူးဦးစားပေးအဖြစ် ရင်းနှီးမြှုပ်နှံဆောင်ရွက်ကြသည်ကို တွေ့ရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့် မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားအကျိုးစီးပွားဖော်ဆောင်နိုင်ရေးတို့အတွက် နယ်ပယ်အသီးသီး၊ ကဏ္ဍအသီးသီးတွင် သုတေသနလုပ်ငန်းများ ပြုလုပ်ကြရန် အထူးလိုအပ်ကြောင်း၊ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် ပြန်လည်သုံးသပ်မှု၊ သုတေသန ပြုလုပ်မှုနှင့် ဆန်းသစ်တီထွင်မှုများရှိမှသာ တိုးတက်အောင်မြင်မည်ဖြစ်ကြောင်း၊ သုတေသီများ၏ ပညာရပ်ဆိုင်ရာဖန်တီးမှု စွမ်းရည်များသည် နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည့် စစ်မှန်သော အင်အားတစ်ရပ်ပင် ဖြစ်ကြောင်း။

ပညာဆိုသည်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး အသိပညာ အတတ်ပညာ မြင့်မားတိုးတက်ရေးနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာရေးသည် အရေးကြီးကြောင်း၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သည့်နည်းပညာအသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များကို ဖော်ထုတ်ကြရမည်ဖြစ်ကြောင်း။

ပညာရေး၊ သိပ္ပံနှင့် နည်းပညာဆိုသည့် ကဏ္ဍ (၃) ရပ်သည် တစ်ခုနှင့်တစ်ခု ချိတ်ဆက်နေပြီး သုတေသနနှင့် တီထွင်ဆန်းသစ်မှုများကို ပေါင်းစပ်လိုက်သည့်အခါ လူ့ဘောင်အဖွဲ့အစည်း ကြီးပွားတိုးတက်ရေးအတွက် ထိရောက်အားကောင်းသည့် စွမ်းအားတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှုအမွေအနှစ်များ ပေါကြွယ်ဝသော နိုင်ငံဖြစ်သည့်အတွက် မြန်မာမှု၊ မြန်မာ့ဟန်များ မပျောက်ပျက်အောင် တန်ဖိုးထားထိန်းသိမ်းပြီး မြန်မာ့ဂုဏ်ကို မြှင့်တင်ကြရမည်ဖြစ်သကဲ့သို့ ၂၁ ရာစု၏ ခေတ်မီနည်းပညာ တိုးတက်ပြောင်းလဲမှုများကို မျက်ခြည်မပြတ် အမီလိုက်ပြီး ခေတ်မီနိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်ကြရန်လည်း အရေးကြီးကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဝိဇ္ဇာနှင့် သိပ္ပံပညာရပ် နယ်ပယ်အားလုံး ဟန်ချက်ညီညီ အားကောင်းလာရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဝိဇ္ဇာနှင့်သိပ္ပံအသိပညာရှင် အတတ်ပညာရှင်များအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံ့အကျိုးစီးပွားကို အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်အောင် ထိထိရောက်ရောက် ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ သုတေသနလုပ်ငန်းများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် နည်းပညာသစ်များဖော်ထုတ်ပြီး အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်နှင့် ဈေးကွက်သစ်များချဲ့ထွင်နိုင်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးအတွက် အရည်အသွေးပြည့်ဝသည့် သုတေသနအခြေပြုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးသွားကြရမည်ဖြစ်ကြောင်း။

သုတေသနသည် တက္ကသိုလ်များ၏ အသက်သွေးကြောဖြစ်ကြောင်း၊ သုတေသနဆောင်ရွက်မှုများမှတစ်ဆင့် မိမိတို့ သင်ယူလေ့လာနေသည့် ပညာရပ်နယ်ပယ်တွင် ပိုမိုတတ်ကျွမ်းထူးချွန်လာမည်ဖြစ်ကြောင်း၊ သုတေသနများမှ ရရှိလာသည့် နည်းပညာအသစ်များကို စက်မှုလက်မှုကဏ္ဍများတွင် လက်တွေ့အသုံးချပြီး နိုင်ငံတော်က အားကိုးအားထားပြုရသော အရည်အသွေးမြင့်တက္ကသိုလ်များ ဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းလိုကြောင်း။

သုတေသနလုပ်ငန်းများသည် ရလဒ်ဖော်ထုတ်ပြီး တစ်ကြိမ်တည်းဖြင့် ရပ်တန့်သွားမည်မဟုတ်ဘဲ ရှေးဦးရလဒ်ကို အခြေပြုပြီး တစ်ဆင့်ပြီးတစ်ဆင့် စဉ်ဆက်မပြတ် သုတေသနဆောင်ရွက်သွားမှသာ တိကျမှန်ကန်သည့် တွေ့ရှိချက်အသစ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ သုတေသနရလဒ်များမှတစ်ဆင့် ပိုမိုကောင်းမွန်ပြည့်စုံသည့် လူမှုအသိုက်အဝန်းကို ပုံဖော်ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ သုတေသနလုပ်ငန်းများအတွက် ထိထိရောက်ရောက် ရင်းနှီးမြှုပ်နှံကြသည့် နိုင်ငံများသည် *စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

ရေရှည်အကျိုးရလဒ်များ အများဆုံးဖြစ်ထွန်းပြီး နိုင်ငံကြီးပွားတိုးတက်နေကြသည်ကို အထင်အရှား တွေ့မြင်ရသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် တက္ကသိုလ်များအတွက် သုတေသနအသုံးစရိတ်များ၊ သုတေသနဓာတ်ခွဲခန်း သုံးပစ္စည်းများ၊ သုတေသနစင်တာများ ဖြည့်ဆည်း ပံ့ပိုးပေးလျက်ရှိကြောင်း။

ထို့အပြင် တက္ကသိုလ်များတွင် သုတေသန အခြေပြုခေတ်မီသင်ကြားနည်းများကို အသုံးပြု သင်ကြားနေသည့်အပြင် မြန်မာ့ရိုးရာအမွေအနှစ်များကို ဖော်ထုတ်ပြသသည့် ယဉ်ကျေးမှုပွဲတော်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အသင်းအဖွဲ့အလိုက် လှုပ်ရှားမှုများ၊ လူငယ်စကားဝိုင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းဆိုင်ရာ ဆွေးနွေးပွဲများ စသည့်ကဏ္ဍစုံလှုပ်ရှားမှုများက တစ်ဆင့် ကျောင်းသားများကို အသိပညာဗဟုသုတ ပြည့်စုံအောင်၊ စဉ်းစားတွေးခေါ်နိုင်စွမ်း မြင့်မားအောင်၊ အရည်အသွေးပြည့်ဝအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ညီလာခံတွင် လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍကြီးများ ရေရှည်ဖွံ့ဖြိုးရေးဆိုသည့် ဦးတည်ချက်နှင့်အညီ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်အသီးသီးမှ ဘာသာရပ် ၃၃ မျိုးအတွက် သုတေသနစာတမ်းပေါင်း ၃၁၂ စောင် ဖတ်ကြားသွားမည်ဖြစ်ပြီး အကောင်းဆုံးသုတေသနဆုများ၊ အကောင်းဆုံးစာတမ်းဆုများ ချီးမြှင့်သွားမည်ဟု သိရှိရကြောင်း၊ ယခုညီလာခံတွင် ဖတ်ကြားခဲ့သည့် စာတမ်းများအနက် ဘာသာရပ်အလိုက် အဆင့်မီသည့် သုတေသနစာတမ်းများကို စုစည်းပြီး သုတေသနဂျာနယ်များ ထုတ်ဝေသွားမည်ဟုလည်း သိရကြောင်း။

ယခုညီလာခံတွင် ပြည်တွင်းက စာတမ်းရှင်များသာမက ပြည်ပကစာတမ်းရှင်များလည်း လာရောက်ပြီး စာတမ်းဖတ်ကြားခြင်း၊ အကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည့်အတွက် ပြည်တွင်းပြည်ပ သုတေသနစာတမ်းရှင်များအားလုံးကို မှတ်တမ်းတင်ဂုဏ်ပြုသည်ကို ပြောကြားလိုကြောင်း၊ ညီလာခံတက်ရောက်လာကြသူများကလည်း အပြုသဘောဆောင်သည့် အတွေးအမြင် အယူအဆများ၊ အသိအမြင်များ၊ အကြံပြုချက်များကို ထိထိရောက်ရောက် ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုကြောင်း။

ဂုဏ်ယူဖွယ်ရာအချက်တစ်ခုအနေဖြင့် ငွေရတုညီလာခံနှင့်အတူ သိပ္ပံပွဲတော်ကိုပါ စည်ကားသိုက်မြိုက်စွာ ထည့်သွင်းကျင်းပသွားသည်ကို တွေ့ရကြောင်း၊ ဘာသာရပ်ဆိုင်ရာပြခန်းများ၊ သိပ္ပံပြကွက်များ၊ ပြိုင်ပွဲများအပြင် AI ပြခန်းများ ပါဝင်ပြသထားသည်ကိုတွေ့ရကြောင်း၊ ဘာသာရပ်ဌာနအလိုက် ဈေးရောင်းပွဲတော်၊ တိုင်းရင်းသားအားကစားပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကိုလည်း ကျင်းပနေသည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ သိပ္ပံပွဲတော်များမှတစ်ဆင့် ကျောင်းသားလူငယ်များ သိပ္ပံပညာရပ်ကို ပိုမိုစိတ်ဝင်စားပြီး နည်းပညာဆိုင်ရာ အသစ်အဆန်းများကို လေ့လာစူးစမ်းလိုစိတ်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ AI နည်းပညာများ၊ နျူကလီးယားနည်းပညာများနှင့် စွန့်ဦးတီထွင်နည်းပညာများ အပါအဝင် သိပ္ပံဆိုင်ရာအသိအမြင် ဗဟုသုတများ တိုးပွားလာမည်ကို ပြောကြားလိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်(၂၀၂၆) ဖွင့်ပွဲအထိမ်းအမှတ် တက္ကသိုလ်များအလိုက် ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

ယခု (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်မှ ပေါ်ထွက်လာမည့် အထောက်အထားအခြေပြုသုတေသနရလဒ်များကို အခြေခံပြီး နိုင်ငံတော်အနေဖြင့် သက်ဆိုင်ရာနယ်ပယ်အလိုက်၊ ဒေသအလိုက်အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်နိုင်ခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

စီးပွားရေးရှုထောင့်ဘက်မှ ကြည့်ပါကလည်း သိပ္ပံနှင့်တီထွင်ဆန်းသစ်မှုများအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍကို အကျိုးဖြစ်ထွန်းစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်းနှင့် နိုင်ငံ့စီးပွားစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခြင်းကို အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း။

နယ်ပယ်ကဏ္ဍအသီးသီးက ပြုလုပ်သည့် သုတေသနတွေ့ရှိချက်များသည် တိုင်းပြည်၏ စားရေရိက္ခာလုံခြုံမှု၊ ဆိုက်ဘာလုံခြုံမှု၊ သဘာဝဘေးတုံ့ပြန်မှု အစရှိသည့် နိုင်ငံသားများ၏ လုံခြုံရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း။

သုတေသနကျင့်ဝတ်များနှင့်အညီ သုတေသနပြုဖော်ထုတ်ထားသည့် ရလဒ်များအပေါ်တွင် အခြေခံပြီး ပြုစုရေးဆွဲထားသည့် တက္ကသိုလ်ဆိုင်ရာ၊ ဌာနဆိုင်ရာ မူဝါဒများသည် လိုက်နာဆောင်ရွက်ကြရမည့်သူများ၏ ယုံကြည်မှုကို ရရှိစေနိုင်မည်ဖြစ်သဖြင့် စီမံအုပ်ချုပ်ရေးတွင်လည်း များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သိပ္ပံနှင့်သုတေသနတီထွင်ဆန်းသစ်မှုတို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်သွားနိုင်မည်ကို ပြောကြားလိုကြောင်း။

ဉာဏပဲ့ကိုင်ရှင်များဖြစ်သည့် သုတေသီများအနေဖြင့် နိုင်ငံတကာတွင် မိမိတို့နိုင်ငံ၏ ပုံရိပ်ကောင်းကို ထင်ဟပ်အောင် စွမ်းဆောင်ကြရန်၊ မိမိတို့တတ်ကျွမ်းသည့် အသိပညာ၊ အတတ်ပညာဖြင့် နိုင်ငံတော်၏ ကဏ္ဍအသီးသီးတွင် တစ်တပ်တစ်အားပါဝင်ကြရန်၊ သိပ္ပံနှင့်နည်းပညာစွမ်းပကားဖြင့် ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော် (၂၀၂၆) ဖွင့်ပွဲအခမ်းအနားအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော် (၂၀၂၆) ဖွင့်ပွဲအခမ်းအနား အထိမ်းအမှတ်လက်ဆောင်အား ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်(၂၀၂၆)ဖွင့်ပွဲအထိမ်းအမှတ် တက္ကသိုလ်များအလိုက် ပြသထားသည့် ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့၏ (၂၅)ကြိမ်မြောက် ငွေရတုသုတေသနညီလာခံနှင့် သိပ္ပံပွဲတော်(၂၀၂၆)အား ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းလမ်းညွှန်မှု၊ အားပေးမှုတို့ဖြင့် နိုင်ငံတော်၏ ပညာရည်မြင့်မားတိုးတက်စေရန်၊ အဆင့်မြင့်ပညာကဏ္ဍတွင် သုတေသနလုပ်ငန်း အဆင့်မြင့်မားမှု၊ အရည်အသွေးပြည့်မီမှုတို့ကို ရှေးရှုလျက် နိုင်ငံတကာအဆင့်မီသော သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် တွန်းအားပေးသည့်အနေဖြင့် စာတမ်းများ တင်ပြဆွေးနွေးစေ၍ အကောင်းဆုံး သုတေသနစာတမ်းဆုများချီးမြှင့်ရန်နှင့် သုတေသနညီလာခံမှ ဘာသာရပ်အလိုက် အဆင့်မီသော သုတေသနစာတမ်းများကို စုစည်းတည်းဖြတ်၍ ဂျာနယ်များ ထုတ်ဝေဖြန့်ချိခြင်း ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖေဖော်ဝါရီ ၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ညီလာခံတွင် ပြည်တွင်း ပြည်ပမှ စာတမ်းရှင်များဖြင့် ဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြစ်ကြီးနားမြို့၌ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၅ ပါးအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း**

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

# ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင် ညစာစားပွဲကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်မှ ဂုဏ်ထူးဆောင် ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration(D.P.A. honoris causa) ဘွဲ့အပ်နှင်းခြင်း၊ ရန်ကုန်တက္ကသိုလ် အထူးဘွဲ့နှင်းသဘင် အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအား ယနေ့ညနေပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတကာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများ၊ ပါမောက္ခများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာအား အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်ပညာရေး တက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)တို့မှ ကျောင်းသား ကျောင်းသူလေးများနှင့် နိုင်ငံကျော်တေးသံရှင်များက တေးသရုပ်ဖော်များ၊ တေးသီချင်းများ၊ အကအလှများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေတင်ဆက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Russian Presidential Academy of National Economy and Public Administration,St. Petersburg မှ Director/ Principal ဖြစ်သူ Prof. Andrey Dragomirovich KHLUTKOV နှင့် Altai State Pedagogical University ၏ First Vice-Rector ဖြစ်သူProf.Kaigorodov Evgeny Vikorovich တို့က ဂုဏ်ပြုလက်ဆောင်များအား ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က သီဆိုဖျော်ဖြေခဲ့ကြသည့် ကျောင်းသား ကျောင်းသူလေးများအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်အားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် ဇနီး တက်ရောက်အားပေးသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဖျော်ဖြေပွဲအခမ်းအနား၌ ခင်းကျင်းပြသထားသည့် တရုတ်နှစ်သစ်ကူး အထိမ်းအမှတ်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဖျော်ဖြေပွဲအခမ်းအနားကို စတင်ဖွင့်လှစ်ပြီး တရုတ်နိုင်ငံ၏ နွေဦးပွဲတော်ယဉ်ကျေးမှုဆိုင်ရာ မှတ်တမ်း Video Clip ကို ပြသသည်။



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နှစ်သစ်ကူးအထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲအခမ်းအနားတွင် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ချိန်မှစ၍ တည်ရှိခဲ့သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုသည် စိန်ရတုအခါသမယ ပြည့်မြောက်ခဲ့ပြီး ယခုချိန်ထိ ဆက်လက်ရှင်သန် ခိုင်မြဲတိုးတက်နေဆဲဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅) ရပ်နှင့်အညီ အပြန်အလှန်လေးစားမှုနှင့်နားလည်မှုကို အခြေခံ၍ ကဏ္ဍစုံတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ပိုမိုကျယ်ပြန့်နက်ရှိုင်းစွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံရာတွင်လည်း ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း။

တရုတ်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့သည့် အချိန်တွင်လည်း အိမ်နီးချင်းကောင်းပီသစွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကူအညီပေးအပ်မှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ဒေသတွင်းသာမက နိုင်ငံတကာအသိုက်အဝန်းတွင်ပါ စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် အားပေးထောက်ခံမှုများအတွက်လည်း တန်ဖိုးထားပါကြောင်း၊ ၂၀၂၆ ခုနှစ်သည် တရုတ်ပြက္ခဒိန်အရ မြင်းနှစ်ဖြစ်သည့်အတွက် စိန်ခေါ်မှုများကို ဉာဏ်ပညာနှင့် ကျွမ်းကျင်မှုတို့ဖြင့် အောင်မြင်စွာကျော်ဖြတ်ပြီး ဖွံ့ဖြိုးတိုးတက်မှုများကို ရရှိပိုင်ဆိုင်နိုင်မည်ဟု မှတ်သားမိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံပြည်သူများအားလုံး မည်သည့်စိန်ခေါ်မှုမျိုးကိုမဆို အောင်မြင်စွာ ကျော်ဖြတ်၍ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ma Jia က တရုတ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ နှစ်သစ်ကူးအထိမ်းအမှတ်ဖျော်ဖြေပွဲ အခမ်းအနားကျင်းပခြင်းရည်ရွယ်ချက်များနှင့် နှစ်နိုင်ငံပြည်သူများအတွက် ဆုမွန်ကောင်းစကားများပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် တရုတ်နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် တရုတ်ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများအား ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တရုတ်နိုင်ငံ သံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် အထိမ်းအမှတ်ညစာစားပွဲသို့ တက်ရောက်ခဲ့ကြောင်းသတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန် လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် Online မှ လက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System - ORTP) စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံး ဘူတာများအတွက် ၇ ရက်နှင့် ကြားဘူတာများအတွက် ၃ ရက် ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

**မြန်မာ့မီးရထား**

# ပြည်တွင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့

*ကိုချင်း*

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ခိုင်မာပြတ်သားသော မူဝါဒများနှင့် လက်တွေ့ကျသော လမ်းညွှန်ချက်များအပေါ်တွင် များစွာ တည်မှီနေပါသည်။ ၂၀၂၁ ခုနှစ် စက်တင်ဘာလမှ ၂၀၂၆ ခုနှစ် ဇန်နဝါရီလအထိ ကာလအတွင်း နိုင်ငံတော်အကြီးအကဲသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးလျက် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် အဖိုးတန်သော မူဝါဒ လမ်းညွှန်ချက်ပေါင်း (၅၃၄) ချက်ကို ချမှတ်ပေးခဲ့ပါသည်။

**ကိန်းဂဏန်းများက ပြောပြသော နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းမှု**

လွန်ခဲ့သည့် ၅ နှစ်နီးပါးကာလအတွင်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များကို လေ့လာကြည့်ပါက-

- **၂၀၂၁ မှ ၂၀၂၅ ခုနှစ်အတွင်း** လမ်းညွှန်ချက်ပေါင်း (၄၅၇) ချက်၊
- **၂၀၂၅ စက်တင်ဘာမှ ၂၀၂၆ ဇန်နဝါရီအထိ** (၅) လတာအတွင်း လမ်းညွှန်ချက် (၇၇) ချက်၊
- နှစ်အလိုက် လမ်းညွှန်ချက်များကို ကြည့်လျှင် ၂၀၂၃ ခုနှစ်တွင် (၁၄၅) ချက်ဖြင့် အများဆုံးဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် (၁၃၆) ချက်ဖြင့် နိုင်ငံတော်တည်ဆောက်ရေးကို အရှိန်အဟုန်မပျက် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

**စီးပွားရေးနှင့် စက်မှုမူဝါဒ- သွင်းကုန်အစားထိုးရေးမှသည် MSME မြှင့်တင်ရေးအထိ**

နိုင်ငံတော်အကြီးအကဲ၏ စီးပွားရေးမူဝါဒတွင် **"သွင်းကုန်အစားထိုးရေးနှင့် ပြည်တွင်းထုတ်ကုန်မြှင့်တင်ရေး"** (Import Substitution Policy) မှာ အဓိကမဏ္ဍိုင် ဖြစ်ပါသည်။

- **MSME ကဏ္ဍ။** ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် နည်းပညာ ဟူသော မဏ္ဍိုင် (၄) ရပ်ကို ဖြည့်ဆည်းပေးခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန် (Value-added products) များ ထုတ်လုပ်ရန် လမ်းညွှန်ခဲ့ပါသည်။
- **မဟာဗျူဟာမြောက် စက်မှုကဏ္ဍ။** နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်သည့် သံမဏိ၊ ဘိလပ်မြေနှင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံးက အောင်မြင်အောင် ဆောင်ရွက်ရန် အလေးထားခဲ့ပါသည်။

**စိုက်ပျိုးရေးအခြေခံ စက်မှုမြှင့်တင်ရေးနှင့် စွမ်းအင်မူဝါဒ**

**"စားရေရိက္ခာ ဖူလုံပိုလျှံရေး"** ကို အမျိုးသားရေး ရည်မှန်းချက်အဖြစ် သတ်မှတ်ကာ စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်သည့် စိုက်ပျိုးရေး အခြေခံစက်မှုလုပ်ငန်းများ (Agro-based Industrialization) ပေါ်ထွန်းလာရေးကို တွန်းအားပေးခဲ့ပါသည်။

စွမ်းအင်ကဏ္ဍတွင်လည်း ရုပ်ကြွင်းလောင်စာအပေါ် မှီခိုမှုလျှော့ချရန်အတွက် ရေအားလျှပ်စစ်အပြင် နေရောင်ခြည်စွမ်းအင် (Solar) နှင့် လေအား (Wind) တို့မှ လျှပ်စစ်ထုတ်လုပ်ရန်နှင့် လျှပ်စစ်ကား (EV) များ အသုံးပြုရေးကို မဟာဗျူဟာမြောက် ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။

**လူသားအရင်းအမြစ်နှင့် လူမှုစီးပွားဘဝ**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ဒေသအသီးသီးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာအထက်တန်းကျောင်းများ တွဲဖက်ဖွင့်လှစ်ရန် လမ်းညွှန်ခဲ့ပါသည်။ ထို့အပြင် ပြည်သူများအတွက် ဈေးနှုန်းသက်သာပြီး အရည်အသွေးပြည့်မီသောဆေးဝါးများ ထုတ်လုပ်နိုင်ရေးအတွက် BPI ဆေးဝါးစက်ရုံကို အဆင့်မြှင့်တင်ရန် မှာကြားခဲ့ပါသည်။

**သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရန်အတွက် မြို့ရွာများတွင် "Green Zone" ဧရိယာများ သတ်မှတ်ဖော်ဆောင်ရန်နှင့် သစ်တောသယံဇာတများကို နောင်လာနောက်သားများအတွက် အမျိုးသားရေးတာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန် လမ်းညွှန်ချက်များတွင် ထည့်သွင်းထားပါသည်။



နိုင်ငံတော်အကြီးအကဲ ၂၀၂၅ ခုနှစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား လိုက်လံကြည့်ရှုအားပေးစဉ်။

**စိုက်ပျိုးရေးအခြေခံ စက်မှုမြှင့်တင်ရေး မူဝါဒ၏ အနှစ်သာရ**

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်နှင့်အညီ **"စားရေရိက္ခာ ဖူလုံပိုလျှံရေး"** ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ချမှတ်ထားပြီး စိုက်ပျိုးရေးကို အခြေခံသည့်စက်မှုလုပ်ငန်းများ ပေါ်ထွန်းလာရေးကို အဓိကတွန်းအားပေး ဆောင်ရွက်လျက်ရှိပါသည်။

**အဓိကလမ်းညွှန်ချက်များနှင့် လုပ်ဆောင်ချက်များ**

- **စားနပ်ရိက္ခာဖူလုံရေး (Food Security)။** "စားရေရိက္ခာ" ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် သတ်မှတ်ပြီး ဆန်၊ ဆီထွက်သီးနှံနှင့် အာလူးကဲ့သို့သော သီးနှံများကို ပန်းတိုင်အထွက်နှုန်းရရှိစေရန်နှင့် ကုန်ချောအဖြစ် ပြောင်းလဲထုတ်လုပ်ရန် လမ်းညွှန်ထားပါသည်။
- **စားသုံးဆီဖူလုံရေး (Edible Oil Security)။** ပြည်ပမှ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်ရန် မြေပဲ၊ နှမ်းနှင့် နေကြာကဲ့သို့သော ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးရန်နှင့် ရှိပြီးသားဆီစက်များကို အဆင့်မြှင့်တင်ရန် အလေးပေးထားပါသည်။
- **ဒေသအလိုက် အထူးပြုထုတ်ကုန်များ (Regionally Specialized Products)။** တိုင်းဒေသကြီးနှင့်ပြည်နယ်တစ်ခုချင်းစီ၏ ထူးခြားသောထွက်ကုန်များကို အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရန် လမ်းညွှန်ထားပါသည် (ဥပမာ - ဟုမ္မလင်းမှ ရော်ဘာ၊ မိတ္ထီလာမှ ငရုတ်/ကြက်သွန်၊ တနင်္သာရီတိုင်းမှ အုန်း/ကော်ဖီ)။
- **စိုက်ပျိုးရေးနည်းပညာ(Agricultural Technology)။** မြေအသုံးချမှုအပြည့်အဝရရှိစေရန် ပက်ကြဲစနစ်အစား တိုက်ရိုက်အစေ့ချစနစ်ကဲ့သို့သော ခေတ်မီနည်းစနစ်များ အသုံးပြုရန်နှင့် သီးထပ်သီးညှပ် စိုက်ပျိုးရန် လိုအပ်ကြောင်း လမ်းညွှန်ထားပါသည်။
- **ထုတ်ကုန်ကွင်းဆက်ချိတ်ဆက်မှု (Vertical Integration)။** စိုက်ပျိုးရေးမှ ထွက်ရှိလာသော ဘေးထွက်ပစ္စည်းများကို တိရစ္ဆာန်အစာအဖြစ် အသုံးပြု၍ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ရန်နှင့် ထိုမှတစ်ဆင့် သားရေနှင့်အသားထွက်ကုန် ကုန်ချောများ ထုတ်လုပ်ရန် လမ်းညွှန်ထားပါသည်။

**မူဝါဒ၏ အကျိုးသက်ရောက်မှု**

ဤမူဝါဒသည် စိုက်ပျိုးရေးထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြှင့်ကုန်ချော (Value-added) များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို မြှင့်တင်ရန်ရည်ရွယ်ခြင်း ဖြစ်ပါသည်။ ၎င်းအပြင် စိုက်ပျိုးရေးမှ ထွက်ရှိသည့် ဘေးထွက်ပစ္စည်းများကို မွေးမြူရေးကဏ္ဍတွင် အကျိုးရှိရှိအသုံးပြုခြင်းဖြင့် ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးပါသည်။

စွမ်းအင်မူဝါဒနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

**ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)**

နိုင်ငံတော်၏ လျှပ်စစ်လိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ဒေသတွင်း လျှပ်စစ်ဖူလုံစေရန်အတွက် အရင်းအမြစ်မျိုးစုံကို အသုံးပြုရန် လမ်းညွှန်ထားပါသည် -

- **ရေအားလျှပ်စစ်။** အခြေခံလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် အသုံးပြုရန်။
- **နေရောင်ခြည်စွမ်းအင် (Solar)။** နေရောင်ခြည်မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်။
- **လေအားလျှပ်စစ် (Wind)။** လေအားကို အသုံးပြု၍ စွမ်းအင်ထုတ်လုပ်ရန် ။
- **Gasifier စနစ်။** စပါးခွံသုံး Gasifier များမှတစ်ဆင့် လျှပ်စစ်ထုတ်လုပ်ရန်။

**ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချရေး (Reducing Fossil Fuel Consumption)**

ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချရန်နှင့် ရေရှည်တည်တံ့သော သယ်ယူပို့ဆောင်ရေးကဏ္ဍ ဖော်ဆောင်ရန်အတွက် အောက်ပါတို့ကို ဦးစားပေးဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်-

- **လျှပ်စစ်ကား(EV)။** ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချရန် လျှပ်စစ်ကားများ အသုံးပြုနိုင်ရေးကို မဟာဗျူဟာမြောက် ဆောင်ရွက်ရန်။
- **လျှပ်စစ်ရထား။** ပြည်သူ့သယ်ယူပို့ဆောင်ရေးတွင် လျှပ်စစ်ရထားများ အသုံးပြုနိုင်ရေးကို ဦးစားပေးရန်။

*စာမျက်နှာ ၁၁ သို့*

❑ **နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသော မူဝါဒလမ်းညွှန်ချက်များအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ထုတ်ဖော်ပြသသွားမည်ဖြစ်ပါသဖြင့် မျက်ဝါးထင်ထင် မြင်တွေ့လေ့လာနိုင်စေရန်အလို့ငှာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ ကြွလှမ်းခဲ့ကြပါရန် ဖိတ်ခေါ်အပ်**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ အကြိမ် (၃၀)မြောက် ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ အကြိမ် (၃၀)မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပရာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေး အမှာစကား ပြောကြားသည်။**(ယာပုံ)**

ညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တရားရေးဦးစီးမှူးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းတရားသူကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတရားသူကြီးများနှင့် ခရိုင်တရားသူကြီးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

### ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်

အစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်က မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ အွန်လိုင်းငွေကြေး လိမ်လည်မှု တိုက်ဖျက်ရေးတို့ကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိရာ တရားရုံးများအနေဖြင့် တရားစီရင်ရာတွင် ဥပဒေနှင့်အညီ ထိရောက်ဟန့်တားသည့်ပြစ်ဒဏ်များ ချမှတ်ဆောင်ရွက်ကြရန် လိုကြောင်း၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်၍ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးအားလုံးက လိုက်နာစစ်ဆေးစီရင်ကြရန်လိုကြောင်း၊ သီးသန့်တရားရုံးဖြင့် ရုံးထိုင်စစ်ဆေးသည့် အမှုများ၊ ဘဏ်များကစွဲဆိုသည့် အမှုများကိုလည်း ဥပဒေနှင့်အညီ မှန်ကန်မြန်ဆန်စွာ စစ်ဆေးစီရင်ကြရန်လိုကြောင်း၊ သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာသိမ်းသက်သေခံ ယာဉ်များကို သတ်မှတ်အချိန်ကာလအတွင်း အပ်နှံကြရန်နှင့် ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တရားရုံးက ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကောင်းမွန်သည့်ရလဒ် ပိုမိုထွက်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စေ့စပ်ဖြေရှင်းရေးနှင့် ပတ်သက်ပြီး အသိပညာပေးမှု Raising Awareness များကိုလည်း ဆက်လက်လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

ထို့အတူ မူပိုင်ခွင့်နှင့် စပ်လျဉ်းသည့် အသိပညာပေးဆွေးနွေးပွဲများကိုလည်း ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထို့ပြင် မူပိုင်ခွင့်ဆိုင်ရာ၊ အနုညာတစီရင်ဆုံးဖြတ်ခြင်းဆိုင်ရာ၊ လူမွဲခံယူခြင်းဆိုင်ရာတို့နှင့်စပ်လျဉ်းသည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံတကာသဘောတူစာချုပ်များကိုလည်း နားလည်ကျွမ်းကျင်အောင် ဖတ်ရှုလေ့လာမှတ်သားကြရန် လိုကြောင်း၊ ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်သည်နှင့်အညီ နေ့စဉ်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့် နည်းပညာများကို လေ့လာသိရှိနားလည်ထားကြရန် လိုကြောင်း၊ သို့မှသာ နည်းပညာကိစ္စရပ်များနှင့်စပ်လျဉ်းသည့် မှုခင်းများမှာ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဖြစ်ပေါ်တိုးတက် ပြောင်းလဲနေသည့် ကမ္ဘာ့အခြေအနေများနှင့် အညီ နိုင်ငံတကာနှင့် ဒေသတွင်း တရားစီရင်ရေးများနှင့် ရင်ပေါင်တန်းနိုင်ရန်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်း ရှိသမျှ အားထုတ်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တရားရုံးများ လက်စွဲ အပိုဒ် ၉၉၇ အရ တရားရုံးများ စစ်ဆေးခြင်းကိုလည်း မပျက်မကွက် ပုံမှန်စစ်ဆေးသွားကြရန်နှင့် ရှောင်တခင်စစ်ဆေးခြင်းများကိုလည်း အခါအားလျော်စွာ စစ်ဆေး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၂၇) ၏ စတုတ္ထနှစ်



လုပ်ငန်းအစီအစဉ် (၂၀၂၆) တွင် ချမှတ်ထားသည့် လုပ်ငန်းအစီအစဉ်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ နိုင်ငံခြားသားနှင့် မြန်မာအမျိုးသမီး ထိမ်းမြားလက်ထပ်ပေးသည့် ကိစ္စများတွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လက်ထပ်ထိမ်းမြားမှု တရားဝင်ဖြစ်စေရေး၊ အလွယ်တကူလက်ထပ်ထိမ်းမြားပေးခြင်းဖြင့် မလိုလားအပ်သော လူကုန်ကူးမှုကဲ့သို့ ဥပဒေပြဿနာများ ပေါ်ပေါက်လာနိုင်သည့် အခြေအနေများကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် ထိမ်းမြားလက်ထပ်ရာတွင် လိုအပ်သည့် အချက်အလက်များကို ပြည့်စုံမှုရှိ၊ မရှိ သေချာစွာစိစစ်ပြီး ဆောင်ရွက်ကြရန်နှင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေအရ ဝိနည်းနှင့်အညီ ထိမ်းမြားလက်ထပ်ရာတွင်လည်း ထုတ်ပြန်ထားသည့် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

မှုခင်းများ စစ်ဆေးစီရင်ခဲ့မှုနှင့်စပ်လျဉ်းပြီး ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်တရားရုံး အဆင့်ဆင့်တို့တွင် ရာဇဝတ်အမှု စုစုပေါင်းမှာ စာရင်းဖွင့်လက်ကျန် ၂၄၉၆၃ မှု၊ လက်ခံရရှိမှု ၂၉၆၄၆၉ မှုဖြစ်ပြီး ၃၀၀၈၂၈ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၀၆၀၄ မှု ကျန်ရှိကြောင်း၊ တရားမအမှုစုစုပေါင်းမှာ စာရင်းဖွင့်လက်ကျန် ၂၉၂၉၉ မှု၊ လက်ခံရရှိမှု ၃၆၈၁၅ မှုဖြစ်ပြီး ၄၁၅၆၃ မှု စစ်ဆေးပြီးပြတ်ကာ စစ်ဆေးဆဲ ၂၄၅၅၁ မှု ကျန်ရှိကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် တရားရုံးအဆင့်ဆင့်သို့ စွဲဆိုတင်ပို့သည့်အမှုပေါင်း ၃၃၃၈၂၄ မှု လက်ခံရရှိပြီး ၃၄၂၃၉၁ မှု စစ်ဆေးပြီးပြတ်သဖြင့် အမှုပြီးပြတ်မှုနှုန်းအနေဖြင့် ၁၀၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ တရားစီရင်ရေး မဟာဗျူဟာစီမံကိန်း၏ အမှုပြီးပြတ်မှုလျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက် နိုင်ခဲ့ကြောင်းနှင့် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုက်တွန်း ပြောကြားသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတရားရုံး၊ ခရိုင်တရားရုံးများ၏ အကြိမ် (၃၀)မြောက် ညှိနှိုင်းအစည်းအဝေးကို ဖေဖော်ဝါရီ ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

### နည်းပညာနှင့် ရေရှည်ဖွံ့ဖြိုးမှု

- နိုင်ငံတော်၏ အနာဂတ်အတွက် Solar နှင့် EV စနစ်များကို ဖော်ဆောင်ခြင်းသည် မဟာဗျူဟာမြောက် ဦးစားပေးကဏ္ဍ ဖြစ်ပါသည်။
- နည်းပညာမြင့် စွမ်းအင်ကဏ္ဍများကို ဖော်ဆောင်ခြင်းဖြင့် နိုင်ငံတော်၏အမျိုးသား အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပါသည်။

### စိမ်းလန်းစိုပြည်ရေး မဟာဗျူဟာ (Greening Strategy)

မြို့ရွာများ သန့်ရှင်းသာယာလှပရေးနှင့် ရာသီဥတု မျှတစေရန်အတွက် လက်တွေ့ကျသောလုပ်ငန်းစဉ်များကို လမ်းညွှန်ထားပါသည်–

- **သစ်ပင်စိုက်ပျိုးခြင်း။** လမ်းဘေးဝဲယာနှင့် မြစ်ချောင်းများဘေးတွင် ဒေသအလိုက် အရိပ်ရလေကာပင်များနှင့် သစ်တောသစ်ပင်များကို စနစ်တကျ စိုက်ပျိုးရန်။
- **Green Zone သတ်မှတ်ခြင်း။** မြို့ရွာတိုင်းတွင် စိမ်းလန်းသောနယ်မြေ (Green Zone Area) များကို မဖြစ်မနေ သတ်မှတ်ဖော်ဆောင်ရန်။

### သဘာဝသယံဇာတ ထိန်းသိမ်းရေး
### (Conservation of Natural Resources)

နောင်လာနောက်သားများအတွက် သဘာဝအရင်းအမြစ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းရန် လမ်းညွှန်ထားပါသည်–

- **သစ်တောပြုန်းတီးမှုတားဆီးခြင်း။** သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်ရန်။
- **သယံဇာတစီမံခန့်ခွဲမှု။** မြေပေါ်မြေအောက်သယံဇာတများကို ရေရှည်တည်တံ့သောဖွံ့ဖြိုးမှု (Sustainable Development) အတွက် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရန်။

ဤလမ်းညွှန်ချက်များသည် သဘာဝသယံဇာတနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိရှိ ပေါင်းစပ်အသုံးချကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ တက်လှမ်းရာတွင် ပတ်ဝန်းကျင်ဂေဟစနစ် မပျက်စီးစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

### မူဝါဒခြုံငုံသုံးသပ်ချက် (Policy Overview)

၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို လေ့လာဆန်းစစ်ကြည့်ပါက **"ပြည်တွင်းကုန်ထုတ်လုပ်မှုကို အခြေခံသည့် စီးပွားရေးမြှင့်တင်မှု"** ကို အဓိကမဏ္ဍိုင်အဖြစ် တွေ့ရှိရပါသည်။ သုံးသပ်ချက်အရ အဓိကအချက်များမှာ –

- **စိုက်ပျိုးမွေးမြူရေး တန်ဖိုးမြှင့်ထုတ်ကုန်။** စိုက်ပျိုးရေးနှင့် မွေးမြူရေးထွက်ကုန်များကို ကုန်ကြမ်းအတိုင်း ရောင်းချခြင်းထက် တန်ဖိုးမြှင့်ကုန်ချော (Value-added) ထုတ်လုပ်မည့် MSME လုပ်ငန်းများကို ဦးစားပေးရန် လမ်းညွှန်ခဲ့ပါသည်။
- **သွင်းကုန်အစားထိုးရေး။** ပြည်ပမှ တင်သွင်းရသည့်ကုန်ပစ္စည်းများအစား ပြည်တွင်းဖြစ်များဖြင့် အစားထိုးရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးအတွက် မရှိမဖြစ် လိုအပ်သော သံမဏိ၊ ဘိလပ်မြေတို့ကို ပြည်တွင်း၌ ကိုယ်တိုင်ထုတ်လုပ်ရန် လမ်းညွှန်ခဲ့ပါသည်။
- **မဟာဗျူဟာမြောက် ဦးစားပေးမှု။** ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လျှပ်စစ်ကဏ္ဍတွင် Solar နှင့် EV စနစ်များကို ဖော်ဆောင်ရန်နှင့် လူသားအရင်းအမြစ်အတွက် အသက်မွေးဝမ်းကျောင်းပညာရေးကို မြှင့်တင်ရန် လမ်းညွှန်ခဲ့ပါသည်။
- **MSME သည် အသက်သွေးကြော။** MSME ကဏ္ဍကို နိုင်ငံ့စီးပွားရေး၏ အဓိကမဏ္ဍိုင်အဖြစ် သတ်မှတ်ပြီး ကုန်ကြမ်း၊ သွင်းအားစု၊ အရင်းအနှီးနှင့် နည်းပညာများ ပြည့်စုံအောင် ဖြည့်ဆည်းပေးရန် အစဉ်တစိုက် လမ်းညွှန်ခဲ့ပါသည်။

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များသည် နိုင်ငံတော်၏ စီးပွားရေးကို ခိုင်မာသည့် ပြည်တွင်းစီးပွားရေးအခြေခံကောင်းများဖြင့် ရပ်တည်နိုင်ရန်နှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အခြေခံ၍ လူမှုစီးပွားဘဝမြှင့်တင်ရန်ဟူသော **မူဝါဒပေါင်းစပ်မှု**ကို ထင်ဟပ်လျက်ရှိပါသည်။

ပြည်တွင်းရှိ ကြွယ်ဝသော သဘာဝသယံဇာတများနှင့် လူသားအရင်းအမြစ်များကို အကျိုးရှိရှိ ပေါင်းစပ်အသုံးချခြင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ခေတ်မီစက်မှုနိုင်ငံအဖြစ် အသွင်ကူးပြောင်းခြင်းနှင့် နည်းပညာမြင့် စွမ်းအင်ကဏ္ဍများကို ဖော်ဆောင်ခြင်းတို့ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ အရှိန်အဟုန်ဖြင့် တက်လှမ်းနိုင်ရန် ရည်ရွယ်ချက်ဖြင့် ထိရောက်စနစ်ကျစွာ လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

နိုင်ငံတော်အကြီးအကဲ ချမှတ်ပေးထားသော မူဝါဒလမ်းညွှန်ချက်များအား လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှု အခြေအနေများကို နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ထုတ်ဖော်ပြသသွားမည်ဖြစ်ပါသဖြင့် မျက်ဝါးထင်ထင် မြင်တွေ့လေ့လာနိုင်စေရန် အလို့ငှာ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်သို့ ကြွလှမ်းခဲ့ကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**ကိုးကား–** ဒေါက်တာမြရည်မွန်၏ "နိုင်ငံတော်အကြီးအကဲ၏ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များ အနှစ်ချုပ်အစီရင်ခံစာ (၂၀၂၁ – ၂၀၂၆)"

# ကိုဗစ် - ၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၆) ကို ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်နှင့် လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသော ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ဒုတိယဥက္ကဋ္ဌနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၂၀ ပြည့်နှစ်ကတည်းက ကိုဗစ်-၁၉ ရန်ပုံငွေကျပ် ၂၀၀ ဘီလီယံဖြင့် ထူထောင်ခွင့်ပြုထုတ်ချေးခဲ့သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် နိုင်ငံတော်သို့၁၃၆ဘီလီယံပြန်လည်ပေးဆပ်ပြီး ဖြစ်ပါကြောင်း၊ ကုမ္ပဏီ/လုပ်ငန်းများအား ချေးငွေသက်တမ်းသုံးနှစ် အထိသာ ခွင့်ပြုထားပါ၍ ယခုအခါ ခွင့်ပြုသက်တမ်း ပြည့်မြောက်ကျော်လွန်ခဲ့ပြီး ဖြစ်သဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မကုန်ခင် ချေးငွေများ ပြန်လည်ပေးဆပ်ရန်ဖြစ်ပါကြောင်း၊ ပြန်လည်ပေးဆပ်ခြင်းမရှိပါက စီမံခန့်ခွဲမှုနည်းလမ်းဖြင့် ဦးစွာအရေးယူဆောင်ရွက်နိုင်ရေးအတွက် ရေးဆွဲထားသည့် စံပြုလုပ်ငန်းစဉ် (SOP) အပေါ် သုံးသပ်ဆွေးနွေးပေးရန် ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။



**စံပြုလုပ်ငန်းစဉ်အပေါ် သုံးသပ်အကြံပြုဆွေးနွေး**

ဆက်လက်၍ နိုင်ငံ့ဘဏ္ဍာရန်ပုံငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်မှုမရှိသည့် ကုမ္ပဏီ/ လုပ်ငန်းများကို စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူဆောင်ရွက်မည့် စံပြုလုပ်ငန်းစဉ်(SOP)အား အတည်ပြုထုတ်ပြန်နိုင်ရေး၊ စံပြုလုပ်ငန်းစဉ်နှင့်အညီ ရှေ့လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်ရေး၊ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်နိုင်ရေးတို့အတွက် ဌာနဆိုင်ရာများအကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်း ဖွင့်ပွဲကျင်းပ

**ရပ်စောက် ဖေဖော်ဝါရီ ၅**
(၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျိုင်းခမ်းရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျိုင်းခမ်းရေလှောင်တမံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးက ကျိုင်းခမ်းဘက်စုံရေလှောင်တမံ ရေရှည်တည်တံ့ခိုင်မြဲပြီး အကျိုးပြုနိုင်စေရေး ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းဆောင်ရွက်ပေးကြရန်ပြောကြားကာ ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျိုင်းခမ်းရေလှောင်တမံဘက်စုံစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ခဲ့သောဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်များနှင့် ရှမ်းတိုင်းရင်းသား ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုးနယားအကအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ကျိုင်းခမ်းရေလှောင်တမံဖွင့်ပွဲ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ တမံကမ္ပည်းကျောက်စာတိုင်အား အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ကျိုင်းခမ်း ရေလှောင်တမံဖွင့်ပွဲမုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(အပေါ်ပုံ)** တမံ၊ ရေယူ အဆောက်အအုံ၊ ရေပို့လွှဲနှင့် ရေအားလျှပ်စစ်ခတ်အားပေးစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ရေအားလျှပ်စစ်စက်ပစ္စည်းများ တပ်ဆင်ပေးခဲ့သော တရုတ်ပညာရှင်များနှင့် စက်ရုံဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးများ ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ တမံရှင်းလင်းဆောင်သို့ ရောက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်က တမံဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးတို့အား ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် (၇၉)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကျင်းပမည့် တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်း၌ စတိတ်စင်ပြင်ဆင်နေမှုနှင့် တိုင်းရင်းသားရိုးရာအစာအစားပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် MSME ပြခန်းများနှင့် ကုမ္ပဏီပြခန်းများ ပြင်ဆင်ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၂၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဖေဖော်ဝါရီ ၅**
စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသောစားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၂၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ ကလေးစာပေ၊ ဒုတိယဆုရ **“ အင်ကြင်းမေ ”** ရေးသားသည့် **“ စိတ်ကောင်းနှင့်ယှဉ် ရေးရှုနှင်နှင့် ကလေးဝတ္ထုတိုများ”** စာအုပ်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက် ရှိပါသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိပါသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး၊ စာပေဗိမာန်စာအုပ်အသင်းအမှတ် (၅၂၉/၅၃၁)ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**
ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေကာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

မြန်မာတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် တန်ဖိုးထားတတ်စေရန်၊ မြန်မာတို့၏ (၁၂) လ ရာသီပွဲတော်များ၏ အနှစ်သာရကို သိရှိနားလည်ကာ ဖော်ထုတ်မြှင့်တင်နိုင်ရန် ဝန်ထမ်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်မှုနှင့် စည်းလုံးညီညွတ်မှုရှိစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၃) ၌ ကျင်းပသည်။



ထမနဲထိုးပွဲသို့ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဇုန်ရှိ ဟိုတယ်များမှ ပြိုင်ပွဲဝင်အသင်းများ၊ ဖိတ်ကြားထားသူများ ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ (၁၂) လရာသီပွဲတော်များ၊ ပြိုင်ပွဲများနှင့် ခရီးစဉ်ဒေသများကို ချိတ်ဆက်ကာ မြန်မာနိုင်ငံကို ဆွဲဆောင်မှုရှိသော အထင်ကရ ခရီးစဉ်ဒေသ တစ်ခုဖြစ်အောင် ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာပွဲတော်များ၏ အနှစ်သာရကို ထင်ဟပ်ပေါ်လွင်အောင် ဆောင်ရွက်၍ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ ပိုမိုသိရှိလာစေရန် နည်းပညာသုံးခရီးသွားမြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်များကို အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ယင်းအပြင် မြန်မာနိုင်ငံ၏ ရာသီပွဲတော်များ၊ ပြိုင်ပွဲများနှင့် ခရီးစဉ်ဒေသများကို ပေါင်းစည်းကာ Festival Tourism ကို အစိုးရ-ပုဂ္ဂလိက ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဝန်ကြီးဌာန မိသားစုများ၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ကြီးရုံးနှင့် ဦးစီးဌာနတို့မှအသင်း သုံးသင်း၊ နေပြည်တော် ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်း စုစုပေါင်းအသင်း ၁၂ သင်း ဝင်ရောက် ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် မြန်မာ့ရိုးရာဓလေ့စရိုက်များကို ထိန်းသိမ်းတန်ဖိုးထားကာ စည်းလုံးမှု၏ စွမ်းအားနှင့် ညီညွတ်မျှတစွာ အကောင်းဆုံးပါဝင်ယှဉ်ပြိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများ၏ အသင်းအလိုက် တပျော်တပါး ထမနဲထိုးယှဉ်ပြိုင်နေမှုကို လိုက်လံကြည့်ရှု အားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ နေပြည်တော်ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲတွင် ဆုရအသင်းများကို ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းမိသားစုများကို ထမနဲများဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (AML/CFT) ဆိုင်ရာ ပုဂ္ဂလိကကဏ္ဍမှပူးပေါင်းဆောင်ရွက်ရမည့်အချက်များနှင့် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ အသိပညာမြှင့်တင်ရေးရှင်းလင်းဆွေးနွေးပွဲနှင့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စများ မှာကြားသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(AML/CFT) ဆိုင်ရာ မြန်မာနိုင်ငံ၏ တိုးတက်အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရမည့်အချက်များ၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာမြှင့်တင်ရေး ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး (UMFCCI)၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူးချုပ်နှင့် ညီနောင်အသင်းအဖွဲ့ဝင်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့ဝင်များ၊ ဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက လက်ရှိမြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာ ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးရာတွင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) ၏ အကြံပြုချက် (Recommendation) အချက် ၄၀ အနက် မြန်မာနိုင်ငံ၏ ဆောင်ရွက်ပြီးစီးမှုများ၊ မြန်မာနိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအမံ (Action Plan) ၁၅ ချက်မှ ဆောင်ရွက်ပြီးစီးခဲ့သည့်အချက်များကို နှစ်အလိုက် အဆင့်တိုးမြှင့်ရရှိမှု (Progress) များ၊ ကျန်ရှိနေသည့် အချက် ၅ ချက်ကို အဆင့်တိုးမြှင့်ရရှိရန်ဆက်လက်ဆောင်ရွက်ရမည့် အချက်များကိုလည်းကောင်း၊ အကဲဖြတ်သူများ၏အကြံပြုချက်နှင့် စံသတ်မှတ်ချက်များနှင့်အညီ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ထုတ်ပြန်ခဲ့သည့်အခြေအနေများကိုလည်းကောင်း၊ ML/ TF ဆိုင်ရာ High Risk Crime များ၊ Area များ၊ ငွေကြေးခဝါချမှု ဖြစ်ပေါ်လာနိုင်သည့် ပုံစံအသစ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ပုဂ္ဂလိကကဏ္ဍမှ ပူးပေါင်းဖော်ထုတ်ရမည့် အချက်အလက်များ၊ အစီရင်ခံစာများ၊ တရားမဝင်လုပ်ငန်းများလျှော့နည်းပပျောက်ရေး ဆောင်ရွက်ရမည့်အချက်များနှင့် ကြီးကြပ်ရေးအာဏာပိုင်အဖွဲ့အစည်းများမှ လက်ရှိဆောင်ရွက်နေမှုများ၊ ငွေကြေးလိမ်လည်မှုများအား အချိန်မီတားဆီးအရေးယူမှုများကို ရှင်းလင်းဆွေးနွေးသည်။



ထို့နောက် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဆိုင်ရာကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းချက်များအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကျင့်သုံးဆောင်ရွက်လျက်ရှိသည့် ငွေကြေးမူဝါဒနည်းလမ်းများ၊ နိုင်ငံခြားငွေ ပြန်လည်ဝင်ရောက်ရေးကိစ္စရပ်များ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေမှုအခြေအနေများနှင့် ရင်းနှီးမြှုပ်နှံသူများ အရင်း၊ အတိုးပေးဆပ်မှု၊ အမြတ်ပြန်လည်လွှဲပြောင်းပေးမှုများနှင့် ဆက်စပ်၍ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးပြီး ထပ်မံသိရှိလိုသည်များ၊ သိလိုသည့်အချက်များ မေးမြန်းကြရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။


မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ပုဂ္ဂလိကဘဏ်များမှ ဥက္ကဋ္ဌများ၊ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်များနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရန်ကုန်ဘဏ်ခွဲ၌ ကျင်းပသည့် ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စများ မှာကြားသည့် အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ဘဏ်များက AML/CFT ဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ဒစ်ဂျစ်တယ်ဘဏ်လုပ်ငန်းဝန်ဆောင်မှု တိုးမြှင့်ရန် လိုအပ်ချက်များ၊ ချေးငွေနှင့် ငွေသားများထုတ်ယူပြီး အိမ်ခြံမြေ၊ ရွှေငွေ၊ ဒေါ်လာများတွင် ဈေးကစားမှုများ မရှိစေရေး ကြီးကြပ်ရန်၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန်သာ ပိုမိုထိရောက်စွာ အသုံးပြုရေးကိုစောင့်ကြည့်ရန်၊ ချေးငွေဆုံးရှုံးနိုင်ခြေများကို ဘဏ်များက သေချာစွာ စိစစ်အကဲဖြတ်ရေး၊ ဘဏ်ဒါရိုက်တာများ၊ စီမံခန့်ခွဲသူများက တာဝန်ယူကြီးကြပ်ရမည့်အပိုင်းများ၊ Internal Control ကောင်းမွန်ရေး၊ ဘဏ်များ၏ အစီရင်ခံစာများမှန်ကန်မှုရှိစေရေးအတွက် ဘဏ်ခွဲအဆင့်ထိ ကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌများ၊ ပုဂ္ဂလိကဘဏ်များ၏ ဥက္ကဋ္ဌများနှင့် အမှုဆောင်အရာရှိချုပ်များက လက်ရှိဘဏ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ်လုပ်ငန်းကဏ္ဍမှ စည်းကမ်းနှင့်အညီ ပိုမိုပံ့ပိုးပေးနိုင်ရေး ဘဏ်များက ပူးပေါင်းဆောင်ရွက်ရန်နှင့် ဗဟိုဘဏ်အနေဖြင့် တိုင်းပြည်၏ စီးပွားရေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒများနှင့် လိုက်လျောညီထွေရှိစေမည့် ငွေကြေးမူဝါဒနည်းလမ်းနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်းဆိုင်ရာ မူဝါဒများချမှတ်ကျင့်သုံးလျက်ရှိကြောင်း၊ တည်ငြိမ်ပြီး ဖွံ့ဖြိုးမှုရှိသည့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုနှင့် ဥပဒေစည်းမျဉ်းစည်းကမ်းများလိုက်နာမှု ဟန်ချက်ညီစွာ ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်ဆည်တက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲကျင်းပ

**စဉ့်ကိုင် ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည်။

ဦးစွာ ထမနဲထိုးပြိုင်ပွဲကျင်းပနိုင်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အခမ်းအနားကို စတင်ဖွင့်လှစ်ခဲ့ပြီး ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင်များက နေရာယူကြကာ စတင်ယှဉ်ပြိုင်ခဲ့ကြသည်။ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ လဲ့လဲ့ဝေနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ဆုပေးပွဲအခမ်းအနားကျင်းပရာ ပထမဆုရရှိသော သတ္တဗေဒ အသင်း၊ ဒုတိယဆုရရှိသော သင်္ချာအသင်းနှင့် တတိယဆုရရှိသော ဓာတုဗေဒအသင်းတို့အား ကျောက်ဆည် တက္ကသိုလ်ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ (စဉ့်ကိုင်)**

# ပြည်တွင်းရွှေဈေးကွက်မတည်မငြိမ်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ရွှေတုံးရွှေခဲများအား သိုလှောင်ဖြန့်ဖြူးရောင်းချနေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နိုင်ငံတော်အစိုးရက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ဆောင်ရွက်လျက် ရှိရာတွင် ပြည်တွင်းရွှေဈေးကွက် တည်ငြိမ်စေရေးအတွက် လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊ နေ့စဉ်ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ ထို့အပြင် ထုတ်ပြန်ထားသည့် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းသတ်မှတ်ဈေးနှုန်းအတိုင်း ရောင်း/ဝယ်ခြင်းများ ပြုလုပ်ဆောင်ရွက်ကြရန်ကိုလည်း ရွှေလုပ်ငန်းရှင်များအား အသိပေးပြောကြားခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် အချို့သော ရွှေလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအား အနှောင့်အယှက်ဖြစ်စေရန်အတွက် ဝိသမလောဘဖြင့် ပြည်တွင်း ရွှေဈေးကွက်အတွင်း ရွှေဈေးနှုန်း မြင့်တက်စေရန်နှင့် ရွှေဈေးနှုန်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်တို့ဖြင့် ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီက နေ့စဉ်သတ်မှတ်ထုတ်ပြန်ထားသော ရွှေရည်ညွှန်းဈေးထက်ကျော်လွန်သည့် ဈေးနှုန်းများဖြင့် ရွှေတုံးရွှေခဲများအား ဝယ်ယူ၍ တရားမဝင်သိုလှောင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသဖြင့် စုံစမ်းဖော်ထုတ်ခဲ့ပါသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး အဖိုးတန်သတ္တု(ရွှေ)ရောင်းဝယ်သူများအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးမြင့် (သိန်းသန်းစိန်ရွှေရတနာဆိုင်)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးသူဝင်း (အကယ်ဒမီရွှေဆိုင်) နှင့် အတွင်းရေးမှူး ဦးနေမျိုးထက် (ရွှေစင်အကယ်ဒမီရွှေဆိုင်)တို့ သုံးဦးသည် ရွှေဈေးနှုန်းတည်ငြိမ်စေရေးအတွက် ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်သွားရန် တာဝန်ရှိသူများ ဖြစ်လျက်နှင့်

ရွှေဈေးကွက်မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေတုံးရွှေခဲများအား ပြင်ပပေါက်ဈေးဖြင့် ဝယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချခဲ့သည့် တရားခံများ



ဦးမျိုးမြင့်
(သိန်းသန်း စိန်ရွှေရတနာဆိုင်)



ဦးမျိုးသူဝင်း
(အကယ်ဒမီရွှေဆိုင်)



ဦးနေမျိုးထက်
(ရွှေစင်အကယ်ဒမီရွှေဆိုင်)

၎င်းတို့ကိုယ်တိုင်က ရွှေဈေးကွက်မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်၍ ပြင်ပရွှေပေါက်ဈေးနှုန်းဖြင့် ရွှေတုံးရွှေခဲများကို ဝယ်ယူ/ သိုလှောင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဦးမျိုးမြင့်အနေဖြင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အလေးချိန် စုစုပေါင်း ၇၀ ကျပ်သားရှိ အခေါက်ရွှေတုံး ရှစ်တုံးကို ပြင်ပပေါက်ဈေးဖြင့်ဝယ်ယူခဲ့ပြီး အမြတ်တင် ပြန်လည်ရောင်းချရန် သိုလှောင် ထားရှိခဲ့ကြောင်း၊ ထို့အတူ ဦးမျိုးသူဝင်းအနေဖြင့် ၎င်း၏ရွှေဆိုင်များ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အခေါက်ရွှေ ၉၇၀ ကျပ်သားအား ပြင်ပပေါက်ဈေးနှုန်းဖြင့် ဝယ်ယူ၍ ရွှေ ၉၅၀ ကျပ်သားအား အမြတ်ရယူကာ ဈေးနှုန်းမြှင့်တင် ပြန်လည်ရောင်းချခဲ့ကြောင်း၊ အလားတူ ဦးနေမျိုးထက်အနေဖြင့် ၎င်း၏ ရွှေဆိုင်များ၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း အခေါက်ရွှေ ၃၁၉ ကျပ်သားအား ပြင်ပပေါက်ဈေးနှုန်းဖြင့် ဝယ်ယူ၍ ရွှေ ၂၆၈ ကျပ်သားအား အမြတ်ရယူကာ ဈေးနှုန်းမြှင့်တင် ပြန်လည် ရောင်းချခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

ဦးမျိုးမြင့်၊ ဦးမျိုးသူဝင်းနှင့် ဦးနေမျိုးထက်တို့ သုံးဦးသည် ရွှေဈေးကွက် မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ရွှေတုံးရွှေခဲများကို ဝယ်ယူ/သိုလှောင်ခြင်း၊ ဈေးနှုန်းမြှင့်တင် ပြန်လည်ရောင်းချခဲ့ခြင်းများမှာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာပါ တားမြစ်ချက်များအား ဖောက်ဖျက် ကျူးလွန်ရာရောက်သဖြင့် ၎င်းတို့သုံးဦးအပေါ် တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အပြင် ရွှေလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းရွှေဈေးကွက်တည်ငြိမ်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များအား တိကျစွာ လိုက်နာဆောင်ရွက်သွားကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ရွှေလုပ်ငန်းရှင်များကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းစဉ်**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု မြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်း မရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**



ကျိုက်မရောမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ဈေးများ မီးဘေးလုံခြုံရေးအတွက် သရုပ်ပြလေ့ကျင့်ခြင်းနှင့် အသိပညာပေးခြင်းကို ဖေဖော်ဝါရီ ၅ ရက်က ရှင်စောပုရပ်ကွက်ရှိ မြို့မဈေးကြီး၌ ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်သောင်းဦးနှင့်အဖွဲ့က ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများအား မီးသတ်ဆေးဘူး အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်စဉ်။

ချိုမြတ်မြတ်ထွေး (ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအိုရပ်ကွက် တောင်ပြာတန်းဆန်စက်ဝင်းအတွင်းရှိ Diesel King Co.,ltd ဂေါ်ဇီလာခြင်ဆေးခွေစက်ရုံ၌ ဖေဖော်ဝါရီ ၄ ရက်က မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစောမောင်သန်းနှင့်အဖွဲ့က စက်ရုံဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်စဉ်။ ဝေယံ(ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြို့မရပ်ကွက် အခြေခံပညာမူလတန်းကျောင်း (မြို့မတောင်ပိုင်းကျောင်း) ၌ ဖေဖော်ဝါရီ ၂ ရက်က မီးခိုးမြူငွေ့အန္တရာယ်နှင့် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြသခြင်းတို့ကို ဦးစီးအရာရှိ ဦးဇော်ရဲနိုင်နှင့် တပ်ဖွဲ့ဝင်များက ဆောင်ရွက်ကြစဉ်။

မောင်မျိုးမင်း

❖ *ကျောဖုံးမှ*

ရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဖိုင်နယ်လုပွဲတက်ရောက်နိုင်ခဲ့သည်။ နယူးကာဆယ်အသင်းသည် ယခုဒုတိယအကျော့တွင်လည်း ဂိုးပြတ်ရှုံးပွဲ ထပ်မံကြုံတွေ့ခဲ့သည့်အတွက် ဗိုလ်လုပွဲ တက်လှမ်းခွင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်း တိုက်စစ်ကစားသမား မာမွတ်ချ် အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

နယူးကာဆယ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သောကြောင့် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ လေးပွဲတွင် နိုင်ပွဲပျောက်ဆုံးခဲ့သည့်အပြင် နှစ်ပွဲဆက် ဂိုးပြတ်ရှုံးနိမ့်မှုနှင့်လည်း ကြုံတွေ့ခဲ့ရသည်။ မန်စီးတီးအသင်းသည် နောက်ဆုံးဗိုလ်လုပွဲတွင် အသင်းကြီး အာဆင်နယ်နှင့် မတ် ၂၂ ရက်တွင် ဝင်ဘလေကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာဆင်နယ်အသင်းသည် ဆီမီးဖိုင်နယ်တွင် နာမည်ကြီး ချယ်ဆီးအသင်းကို နှစ်ကျော့ပေါင်းရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဗိုလ်လုပွဲတက်လှမ်းလာသည့်အသင်းဖြစ်သည်။

**အောင်ဇော်**

ခရမ်းလွန်ရောင်ခြည် အန္တရာယ်ကာကွယ်ရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ဇီဝနည်းပညာ အသုံးပြုထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကို ပါဝင်ခင်းကျင်းပြသသွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျင်းပသည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်(နေပြည်တော်)တွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာသုတေသနဦးစီးဌာနက ဇီဝနည်းပညာ အသုံးပြု ထုတ်လုပ်ထားသည့် ထုတ်ကုန်ပစ္စည်းများကို ပါဝင်ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ဇီဝနည်းပညာသုတေသန ဦးစီးဌာနအနေဖြင့် ပြခန်းတွင် MSME လုပ်ငန်းရှင်များအတွက် စိုက်ပျိုးမွေးမြူရေးမှ ထွက်ရှိသည့် ကုန်ကြမ်းများမှ ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်သည့် နည်းပညာများ၊ အငွေ့ဖြင့် စိုက်ပျိုးနည်းပညာ၊ ဇီဝပိုးသတ်ဆေးနှင့် ပတ်သက်သည့် နည်းပညာများ၊ ဇီဝနည်းပညာ အသုံးပြုထုတ်လုပ်ထားသည့် ဇီဝဓာတ်မြေဩဇာ၊ အပင်တစ်သျှူး မျိုးပွားမှုမှရရှိလာသည့် ဇီဝထုတ်ကုန်များကို ခင်းကျင်းပြသမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လာရောက်ကြည့်ရှုလေ့လာကြမည့် ပြည်သူများနှင့် စိုက်ပျိုးတောင်သူများအတွက် အသိပညာပေး အစီအစဉ်များအပြင် လိုအပ်ပါက နည်းပညာဆိုင်ရာ သင်တန်းများပါဆက်လက်ပို့ချပေးသွားနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဇီဝနည်းပညာသုတေသနဦးစီးဌာန အပါအဝင် ဝန်ကြီးဌာန ပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြုပြခန်းများ စသည်ဖြင့် ပြခန်း စုစုပေါင်း ၁၂၄ ခန်း ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်ရင်ပြင်၌ ခြောက်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ပွဲတော်ရက်များအတွင်း ပြည်သူများအတွက် နိုင်ငံကျော်အဆိုတော်များ၏ ဖျော်ဖြေမှုများ၊ ပျော်ပွဲရွှင်ပွဲ အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**အေးအေးသန့်**



## ပြည်နည်းပညာတက္ကသိုလ်၏ (၂၈)နှစ်မြောက် အထိမ်းအမှတ် science fair ပွဲတော်ကျင်းပ

**ပြည် ဖေဖော်ဝါရီ ၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ပြည်နည်းပညာတက္ကသိုလ်၏ (၂၈)နှစ်မြောက် အထိမ်းအမှတ် science fair ပွဲတော် Hackathon, TalkShowနှင့် ProjectShow ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပခဲ့သည်။

ဦးစွာ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကျော်ဝင်းက အမှာစကားပြောကြားပြီး ပြည်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြနန္ဒာလွင်က ပွဲကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများက ကပြဖျော်ဖြေပြီး Hackathon ပြိုင်ပွဲနှင့် Talk Show ပြိုင်ပွဲ ပထမဆုရ ကျောင်းသား ကျောင်းသူများက အဖွဲ့အလိုက် ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တာဝန်ရှိသူများက Hackathon ပြိုင်ပွဲနှင့် Talk Show ပြိုင်ပွဲဆုရ ကျောင်းသား ကျောင်းသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ထို့နောက် တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက နည်းပညာဆိုင်ရာ Project Show ပြိုင်ပွဲပြခန်းများကို ကြည့်ရှုအားပေးသည်။

**ကိုဆက်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ အမျိုးသမီးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ကျောက်ဆည် ဖေဖော်ဝါရီ ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယနေ့နံနက်က အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး သင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးသီဟက အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအကြောင်း၊ ခရိုင်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်စန္ဒာက အမျိုးသမီးများနှင့် လုပ်ငန်းခွင်ဘေးကင်းမှုဆိုင်ရာအကြောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး



ဒေါ်တင်တင်ထွေးက ရာသီဥတုပြောင်းလဲခြင်းနှင့် သဘာဝအရင်းအမြစ်ဆိုင်ရာ စီမံခန့်ခွဲမှုအကြောင်းများကို ဆွေးနွေးခဲ့သည်။

**သက်မောင် (ကျောက်ဆည်)**



## သံဖြူဇရပ်မြို့နယ်၌ ရွှေ့လျားဓာတ်ခွဲယာဉ်ဖြင့် ဈေးကွက်ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင် ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အမှတ်(၁) မြို့မဈေးအတွင်းရှိ စားသောက်ကုန်ဆိုင်များတွင် ရောင်းချနေသော ကုန်ပစ္စည်းများ အနက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)မှ သုံးစွဲရန် မသင့်ကြောင်း ထုတ်ပြန်ထားသည့် တားမြစ်ဓာတုပစ္စည်း ပါဝင်သော စားသောက်ကုန် ပစ္စည်းများအား အများပြည်သူသိရှိစေရန် အသိပညာပေးခြင်းနှင့် ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေး စစ်ဆေးခြင်းကို ခရိုင်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

**၅ - ၂ - ၂၀၂၆ ရက်နေ့**
**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး**
**(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၆၉၀၀၀၀၀) ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## မိုင်းဖြတ်မြို့နယ်၌ နမ့်မယ်ဟုတ်ချောင်း ပြုပြင်ထိန်းသိမ်းလျက်ရှိ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ လယ်ယာမြေများ ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ရေး နမ့်မယ်ဟုတ်ချောင်းအား ချောင်းတူးခြင်း အလျားပေ ၁၂၀၀ နှင့် တုတ်တန်းရိုက် သဲအိတ်ချကာရံခြင်း အလျား ပေ ၃၅၀ စသည့် လုပ်ငန်းများ ဆောင်ရွက်ကာ ပြုပြင်ထိန်းသိမ်းလျက်ရှိကြောင်းနှင့် လုပ်ငန်းများပြီးစီးပါက ချောင်းအနီးရှိ တောင်သူများ၏ လယ်မြေဧက ၂၁၀ ကို ရေကြီးမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများကို မြို့နယ်တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမျိုးနှင့် ကော်မတီဝင်များက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



**နေရောင်အောက်က**
**သက်ရှိတွေကို**
**စောင့်ရှောက်ဖို့**
**အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်း (အထွေထွေရောဂါကု၊ အထူးကု၊ ဆေးရုံ) များ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

"တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်" အား တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅၅ ပုဒ်မခွဲ (ဂ) အရ အတည်ပြုထုတ်ပြန်ပြီးဖြစ်ပါသဖြင့် နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိရစ္ဆာန်ဆေးကုဝန်ဆောင်မှုလုပ်ငန်းများအတွက် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ် အသစ်လျှောက်ထားခြင်းနှင့် သက်တမ်းတိုးလျှောက်ထားခြင်းများအား လုပ်ငန်းစိစစ်ရေးအဖွဲ့မှ စိစစ်ပြီး ဗဟိုကြီးကြပ်မှုကော်မတီမှ အတည်ပြု၍ ခွင့်ပြုလက်မှတ်ထုတ်ပေးနိုင်ရေးကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိပါသည်။

တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ခြင်းလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိရန် သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူးထံ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် အောက်ပါအထောက်အထားများ ပူးတွဲ လျှောက်ထားရမည်-

(က) လျှောက်ထားသူ၏ ၆ လအတွင်း ရိုက်ကူးထားသော (၂လက်မ x လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံ)၊

(ခ) လုပ်ငန်းတည်ရှိရာလိပ်စာနှင့် အဆောက်အအုံနှင့် မြေနေရာ အခင်းအကျင်း အတိုင်းအတာ၊ အကျယ်အဝန်း၊

(ဂ) အဆောက်အအုံရှေ့၊ နံဘေးနှင့် အတွင်းခန်းအားလုံး၏ ရောင်စုံဓာတ်ပုံ၊

(ဃ) ကြီးကြပ်ဆောင်ရွက်မည့်သူစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေး အချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက် အထား၊

(င) ဝန်ထမ်းစာရင်းနှင့် ယင်းတို့၏ ကိုယ်ရေးအချက်အလက် အပြည့်အစုံ၊ ပညာအရည်အချင်းအထောက်အထား၊

(စ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက လုပ်ငန်းအမျိုးအစား အလိုက် တောင်းခံသည့် အခြားစာရွက်စာတမ်းအထောက် အထားများ၊

(ဆ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်များနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများတွင် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်။

နေပြည်တော်ကောင်စီနယ်မြေ/တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ခွင့်ပြုလက်မှတ်မရှိဘဲ တိရစ္ဆာန်ဆေးကု ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် မိမိတို့သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ (၁၅-၂-၂၀၂၆)ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားကြပါရန်နှင့် ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းမရှိဘဲ ဖွင့်လှစ်ထားသည်ကို စစ်ဆေးတွေ့ရှိပါက မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနမှ ထုတ်ပြန်ထားသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေ ပုဒ်မ ၄၂ အပိုဒ် (ခ) အရ တရားစွဲဆို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်လိုက်သည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ဓာတုဗေဒဘာသာရပ် သိကောင်းစရာ

ဒေါက်တာ ရဲမြင့်အောင်၊ ပါမောက္ခ (ဌာနမှူး)၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်

*(ယမန်နေ့မှအဆက်)*

(a) (i) (A) methanoic acid and butanol

$$\underset{\text{methanoic acid}}{HCOOH} + \underset{\text{butanol}}{C_4H_9OH} \underset{\Delta}{\overset{H_2SO_4}{\rightleftharpoons}} \underset{\text{butyl methanoate}}{HCOOC_4H_9} + H_2O$$

(B) propanoic acid and propanol

$$\underset{\text{propanoic acid}}{CH_3CH_2COOH} + \underset{\text{propanol}}{C_3H_7OH} \underset{\Delta}{\overset{H_2SO_4}{\rightleftharpoons}} \underset{\text{propyl propanoate}}{CH_3CH_2COOC_3H_7} + H_2O$$

(ii) The boiling point of ether is much lower than alcohol of similar molecular mass because of no intermolecular hydrogen bonding between ether molecules.

(b) (i) The transition metal compounds can form coloured ions in an aqueous solution due to the presence of incomplete d orbitals or the presence of unpaired electrons and absorb visible lights.

(ii) The metallic properties of the transition elements are: malleability, ductility, metallic lustre and high tensile strength.

(iii) The highest possible oxidation state of 3d transition series is Manganese (Mn).

(c) (i) $2Cl_2(g) + 2H_2O(g) \rightleftharpoons 4HCl(g) + O_2(g) \quad \Delta H = (+)$

The forward reaction is an endothermic (heat absorbing) reaction and the reverse reaction is an exothermic (heat evolving) reaction. According to Le Chatelier's principle, increasing the temperature favours the endothermic reaction. The equilibrium shifts from left to right, and more concentration of HCl will be formed and the temperature will have to be increased.

(ii) $[H_2S] = 0.184\ \text{mol dm}^{-3}$, $[S_2] = 0.054\ \text{mol dm}^{-3}$, $K_{eq} = 2.270 \times 10^{-3}$

$2H_2S(g) \rightleftharpoons 2H_2(g) + S_2(g)$


$$K_{eq} = \frac{[H_2]^2[S_2]}{[H_2S]^2} \qquad [H_2]^2 = \frac{K_{eq} \times [H_2S]^2}{[S_2]}$$

$$[H_2]^2 = \frac{2.270 \times 10^{-3} \times (0.184)^2}{0.054} = 0.1423 \times 10^{-2}$$

$$[H_2] = \sqrt{0.1423 \times 10^{-2}} = 0.0377\ \text{mol dm}^{-3}$$

**7. Each 5 marks x 3** **(15 marks)**

(a) (i)





OR

It consists of 4 electron pairs around the central atom O. The geometry of electron pairs is tetrahedral. There are two lone pairs on the oxygen atom. Because of electron pair repulsion between these lone pairs and bonding pair, the shape of the molecule is bent structure or V shape. The bond angle of H–O–H is less than 109.5°.

(ii) Graphite has a layer and planar structure formed by joining each carbon atom to the other three carbon atoms by covalent bonds. Each layer is formed with hexagonal rings of carbon atoms.

OR

(a) (i)





$BF_3$ is a trigonal planar structure (symmetrical arrangement) which has no dipole moment.

$PF_3$ is a pyramidal structure because of the lone pair on the central atom. It has a dipole moment. Therefore, X is a phosphorus.

(ii) (1) the first molecule has hydrogen attached to a high electronegativity atom (F, O or N) and (2) the second molecule possesses a lone pair of electrons on a small highly electronegative atom (F, O, or N).

(b) (i)




$\Delta H$ for bond broken $= 4E(C–H) + 2(E(O=O))$

$= 4 \times (+410\ \text{kJ mol}^{-1}) + 2\ (+496\ \text{kJ mol}^{-1}) = +2632\ \text{kJ}$

$\Delta H$ for bond formed $= -2E(C=O) + -2(2E(O–H))$


$= (-2 \times 805\ \text{kJ mol}^{-1}) + (-4 \times 465\ \text{kJ mol}^{-1}) = -3470\ \text{kJ}$

$\Delta H_c$ = enthalpy change for bond broken + enthalpy change for bond formed

$= 2632 + (-3470) = -838\ \text{kJ mol}^{-1}$

(ii) **Hess's Law:** The enthalpy change for a chemical reaction is the same, whenever the route is taken from reactants to products.

(c) (i) Repeating unit of terylene




(ii) In amide, medium and weak peaks at about 3300 – 3500 $cm^{-1}$ would be observed for the $NH_2$ group. A strong and sharp peak at about 1650 – 1750 $cm^{-1}$ would be observed for the C=O group.

(iii) Primary amines are more soluble in water than secondary and tertiary amines because more hydrogen bonds are formed in primary amines.

*************************

ဖော်ပြပါမေးခွန်း (၁) စုံကို နမူနာပေး၍ ဖြေဆိုပြသပေးထားသည့်အတွက် စာမေးပွဲတွင် မည်ကဲ့သို့ ဖြေဆိုရမည်ဆိုတာကို နားလည်သဘောပေါက်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ Grade 12 ဓာတုဗေဒ ပြဋ္ဌာန်းစာအုပ်မှ အခန်း(၈)ခန်းကို ဓာတုဗေဒဘာသာရပ်ရဲ့ အခန်း(၈)ခန်းအားလုံး၏ သဘောတရားများကို နားလည်မှု/တတ်ကျွမ်းမှု/လေ့လာ အားထုတ်မှုတို့ကို စစ်မေးထားခြင်းသာလျှင်ဖြစ်ပါတယ်။

အခန်းလိုက်ဖြေဆိုမှုကို ကြည့်ခြင်းအားဖြင့် **Chapter 1 Chemical Bonding and Intermolecular Forces** သင်ခန်းစာမှ SECTION 1.1 မှ 1.5 အထိ လေ့လာပြီး ဖြေဆိုရသော မေးခွန်းနှင့် အဖြေများသာလျှင် ဖြစ်ပါတယ်။







အက်တမ်များအကြား bond ဖြစ်ပေါ်မှုအပြင် molecular structures and shapes တွေကိုပါ သိရှိနိုင်စေရန် အချက်ကို ဖော်ပြပေးထားပြီး လေ့လာမှတ်သားထားစေလိုပါတယ်။

အဓိကသတိပြုရမှာကတော့ Lewis structure ရေးသားလျှင် unshared paired electrons တွေကို ဖြည့်ဝင်ခြင်းအတွက် molecule ရဲ့ element တိုင်းက octet rule ကိုလိုက်နာပြီး ဖြည့်ရမည်ဖြစ်ပါသည်။ ($H_2$ ကတော့ 2 electrons ပဲ share လုပ်ပါမည်။)

**Valence Shell Electron Pair Repulsion (VSEPR) theory**

VSEPR သီအိုရီအရ shape ကို ခန့်မှန်းဖို့အတွက် – molecule ရဲ့ Lewis's structure ကို ဆွဲပါ။ Central atom ကို ဝန်းရံနေတဲ့ electron pair ကို ရေတွက်ပါ။ Electron pair ရဲ့ geometry ကို ရှာဖွေပါ။ နောက်ဆုံးအဆင့်မှာ Molecular Shapes ကို ခန့်မှန်းဖော်ပြပေးနိုင်မှာဖြစ်ပါသည်။

**Table Geometry of Electron Pairs and Molecular Shapes of Different Types of Molecules**

| Type | Number of bonding pairs and lone pairs around the central atom | Geometry of electron pairs | Molecular shape | Example |
|---|---|---|---|---|
| $AX_2$ | 2, 0 | Linear |  | $BeCl_2$, $CO_2$ |
| $AX_3$ | 3, 0 | triangular planar (trigonal planar) |  | $BF_3$ |
| $AX_2E$ | 2, 1 | triangular planar (trigonal planar) |  | $SO_2$ |
| $AX_4$ | 4, 0 | tetrahedral |  | $CH_4$, $CCl_4$ |
| $AX_3E$ | 3, 1 | tetrahedral |  | $NH_3$ |
| $AX_2E_2$ | 2, 2 | tetrahedral |  | $H_2O$ |

**Note: Symbol E represents the number of lone pairs of electrons.**

**Chapter 2 Energy Changes in Chemical Reactions** မှာ–

**စွမ်းအင်ပြောင်းလဲခြင်း**၏ သဘောတရားများဖြစ်သော energy transformation, Law of conservation of energy, Chemical energy နှင့်သက်ဆိုင်သည့် သဘောတရားများကို နားလည်ထားမည်ဆိုပါက ဓမ္မဓိဋ္ဌာန်မေးခွန်းနှင့် မေးခွန်းတိုများကို ဖြေဆိုနိုင်မည်ဖြစ်ပါတယ်။ ဓာတ်ပြုခြင်းတစ်ခုမှာ ဓာတ်ပြုပစ္စည်းများနဲ့ ဓာတ်ဖြစ်ပစ္စည်းများရဲ့ chemical energy ခြားနားမှုကနေ စွမ်းအင်ထုတ်လွှတ်ခြင်း၊ စုပ်ယူခြင်းစတဲ့ ပြောင်းလဲမှုတွေ ဖြစ်ပေါ်လာစေပါတယ်။

ပြင်ပစွမ်းအင်ပေးဖို့ မလိုအပ်သောဓာတ်ပြုခြင်း၊ ပြင်ပစွမ်းအင်ပေးမှ ဓာတ်ပြုခြင်းဖြစ်ပေါ်ခြင်း၊ ဆိုလိုတာကတော့ spontaneous နှင့် non–spontaneous reaction တို့၏သဘောတရားများ သိရှိထားကြရမယ်။

ဓာတ်ပြုခြင်းဖြစ်ပေါ်နေတဲ့ နယ်ပယ်ကို system (စနစ်)၊ ၎င်းနဲ့ထိစပ်နေတဲ့အရာကို surroundings (ဝန်းကျင်)လို့ သတ်မှတ်ပါတယ်။ Reaction ဖြစ်တဲ့နယ်ပယ် system ကနေ surroundings ဖက်သို့ အပူစီးကူးထုတ်လွှတ်ရင် exothermic reaction လို့ခေါ်ပြီး surroundings ဖက်က အပူကိုစုပ်ယူရင် တစ်နည်းအားဖြင့် အပူပေးရတဲ့ reaction တွေကို endothermic reaction လို့ သတ်မှတ်ကြောင်း သိရှိထားရမှာ ဖြစ်ပါတယ်။

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

**အပူပြောင်းလဲမှုကြောင့်** ဓာတ်စည်းပြတ်တောက်ခြင်း၊ ဓာတ်စည်းဖြစ်ပေါ်ခြင်းများနှင့်ဆိုင်သော ပုစ္ဆာများ ဖြေရှင်းတတ်ရန် ပုစ္ဆာ(၁)ပုဒ်ကို ဖော်ပြပေးထားမယ်၊ ထိုပုစ္ဆာမျိုး တွက်ချက်တတ်စေရန် လေ့ကျင့်ထားစေလိုပါတယ်။

Is this reaction exothermic or endothermic? $2H_2(g) + O_2(g) \rightarrow 2H_2O(l)$

Given: energy required to break 1 mol of O=O bonds = 496 kJ

energy required to break 1 mol of H–H bonds = 436 kJ

energy required to form 1 mol of O–H bonds = 465 kJ

ဓာတ်ပြုခြင်းများမှာ အပူပြောင်းလဲမှုနှင့်သက်ဆိုင်သော thermochemical equation များကို ရေးနိုင်ရန် လိုအပ်ပါတယ်။ **Thermochemical equation** များ

(i) $C(graphite) + O_2(g) \rightarrow CO_2(g)$ $\Delta H_f^\theta = -394\ kJ\ mol^{-1}$

(ii) $CH_4(g) + 2O_2(g) \rightarrow CO_2(g) + 2H_2O(l)$ $\Delta H_f^\theta = -891\ kJ\ mol^{-1}$

(iii) $C_2H_5OH(l) + 3O_2(g) \rightarrow 2CO_2(g) + 3H_2O(l)$ $\Delta H_f^\theta = -1367\ kJ\ mol^{-1}$

(iv) $2C(graphite) + 3H_2(g) + \frac{1}{2}O_2(g) \rightarrow C_2H_5OH(l)$ $\Delta H_f^\theta = -235\ kJ\ mol^{-1}$

(v) $Na(s) + C(graphite) + \frac{1}{2}H_2(g) + 3/2O_2(g) \rightarrow NaHCO_3(s)$ $\Delta H_f^\theta = -951\ kJ\ mol^{-1}$

ဒြပ်ဝတ္ထုပစ္စည်းများ enthalpy တန်ဖိုးကို တိုက်ရိုက်မတိုင်းတာနိုင်ပေမဲ့ calorimeter ကို အသုံးပြုပြီး $\Delta T$ တန်ဖိုးကို တိုင်းတာနိုင်ပါတယ်။ ထိုမှတစ်ဆင့် $q = mc\Delta T$ ညီမျှခြင်းကို အသုံးပြု၍ (Enthalpy Change) ကို တွက်ချက်နိုင်မှာ ဖြစ်ပါတယ်။ နမူနာဖြေဆိုမှုကို ကြည့်ရှုနိုင်ပါတယ်။


**Enthalpy cycle** ဆိုင်ရာ ပုစ္ဆာတွေတွက်ချက်ရာမှာ enthalpy change of formation နဲ့ enthalpy change of combustion တို့မှတွက်ယူရတဲ့ပုစ္ဆာတွေကိုလည်း စေ့စပ်လေ့ကျင့်ထားဖို့လိုအပ်ပါတယ်။ ပုစ္ဆာတွက်ချက်ရာမှာ physical states များ၊ အပူပြောင်းလဲခြင်းဆိုင်ရာသင်္ကေတများနဲ့ units တွေကိုလည်း မှန်ကန်စွာရေးသားနိုင်ဖို့ လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

ဥပမာ– Calculate the standard enthalpy change of the decomposition of calcium carbonate;

$CaCO_3(s) \rightarrow CaO(s) + CO_2(g)$ using the data given below.

$\Delta H_f^\theta[CaO(s)] = -636\ kJ\ mol^{-1}$ $\Delta H_f^\theta[CO_2(g)] = -394\ kJ\ mol^{-1}$

$\Delta H_f^\theta[CaCO_3(s)] = -1207\ kJ\ mol^{-1}$




By using Hess's law, Route I = Route II

$\Delta H_f^\theta[CaCO_3(s)] + \Delta H_r^\theta = \Delta H_f^\theta[CaO(s)] + \Delta H_f^\theta[CO_2(g)]$

$(-1207) + \Delta H_r^\theta = (-636) + (-394)$

$\Delta H_r^\theta = +177\ kJ\ mol^{-1}$

Chemical Bond တစ်ခုကိုဖြတ်ဖို့ သို့မဟုတ် chemical bond တစ်ခုဖြစ်ပေါ်ဖို့ လိုအပ်တဲ့စွမ်းအင်ကို bond energy သို့မဟုတ် bond enthalpy လို့ ခေါ်ပါတယ်။ သင်္ကေတကတော့ E ဖြစ်ပါတယ်။ Bond breaking အတွက် E တန်ဖိုးကို plus နဲ့ ဖော်ပြပြီး bond making အတွက် minus နဲ့ ဖော်ပြပါတယ်။ Chemical bond တစ်ခုအတွက် ဓာတ်စည်း ပြတ်တောက်ခြင်းနဲ့ ဖြစ်ပေါ်ခြင်းတို့အတွက် လိုအပ်တဲ့ energy ပမာဏတူညီပြီး လက္ခဏာဆန့်ကျင်ဘက် ဖြစ်ကြောင်း သိရှိရန်လိုပါတယ်။ လေ့ကျင့်ခန်းပုစ္ဆာများ လေ့ကျင့်ထားကြပါ။

**Chapter 3 Chemical Kinetics: Rates of Reaction** မှာတော့ chemical reaction တစ်ခုမှာ reactant ကနေ product အဖြစ်ပြောင်းလဲတဲ့အခါ နှေးကွေးတဲ့ ပြောင်းလဲမှုရှိသလို မြန်ဆန်တဲ့ပြောင်းလဲမှုလည်းရှိပါတယ်။ ဒီလိုလှုပ်ရှားပြောင်းလဲမှုတွေကို အချိန်နဲ့ဆက်စပ်တွက်ချက်လိုက်ရင် နှုန်းဆိုတာရရှိလာပါမယ်။ Dynamite ပေါက်ကွဲခြင်း၊ အစားအစာများ ပုပ်သိုးခြင်း၊ သံချေးတက်ခြင်း၊ ကျောက်စိုင်ကျောက်သားများ တိုက်စားခံရခြင်းတွေဟာ စက္ကန့်ပိုင်းကနေ နှစ်ကာလအတန်ကြာသည်အထိ အသီးသီးဓာတ်ပြုဖြစ်ပွားကြတာကို တွေ့ရမှာဖြစ်ပါတယ်။ ဓာတ်ပြုနှုန်းနှင့် သက်ဆိုင်သည့် ဥပမာပုစ္ဆာများနှင့် လေ့ကျင့်ခန်းများကို တွက်ထားစေလိုပါသည်။

ဥပမာ– When the following reaction of zinc and dilute hydrochloric acid takes place, 30 g of zinc has been used up after 2 min. Calculate the rate of the reaction in terms of the mol per second.

(Zn = 65.38)

$Zn(s) + 2\ HCl(aq) \rightarrow ZnCl_2(aq) + H_2(g)$

$$\text{mol of Zn} = 30\ g \times \frac{1\ mol}{65.38\ g} = 0.46\ mol$$

reaction time (in seconds) $t = 2 \times 60 = 120\ s$

$$\text{rate} = \frac{\text{mol of Zn used}}{\text{time}} = \frac{0.46\ mol}{120\ s} = 0.004\ mol\ s^{-1}$$

The rate of reaction is $0.004\ mol\ s^{-1}$.

ရှုထောင့်အမျိုးမျိုးမှ reaction rate ကို တွက်ချက်နိုင်တာမို့ rate ရဲ့ units တွေဟာ mass per time, volume per time, concentration per time ဆိုပြီးအမျိုးမျိုး ဖြစ်နိုင်ပါတယ်။ Rate of reaction ကို သင်္ချာနည်းနဲ့ဖော်ပြရာမှာ reactant ကိုအခြေခံရင် အချိန်နဲ့လိုက်ပြီး concentration လျော့နည်းသွားတာဖြစ်လို့ minus sign နဲ့ ဖော်ပြရသလို၊ product ကို အခြေခံရင် အချိန်နဲ့လိုက်ပြီး concentration များလာတာဖြစ်လို့ plus sign နဲ့ ဖော်ပြတာကို သိရှိရမှာဖြစ်ပါတယ်။ Calculation မှာ အထူးသဖြင့် minus sign ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်ကြောင်း သိရှိနားလည်ရပါမယ်။

**Chapter 4, Chemical Equilibrium ဓာတ်ပြုမျှခြေ** ကို လေ့လာလျှင်– အများစုဟာ တစ်ဖက်သွားဓာတ်ပြုခြင်း (one–way process) ဖြစ်စဉ်များဖြစ်ကြပြီး အချို့ကတော့ အပြန်အလှန်ဓာတ်ပြုခြင်း (reversible reaction) တွေ ဖြစ်ကြပါတယ်။ အဲဒီဓာတ်ပြုခြင်းတွေမှာ forward နဲ့ reverse reaction တွေပါဝင်နေပြီး ယင်းဖြစ်စဉ်နှစ်ခုရဲ့ နှုန်းတွေ တူညီသွားတဲ့အခါ မျှခြေ (equilibrium) ကို ရောက်ရှိပါတယ်။ အဲဒီမျှခြေမှာ forward reaction နဲ့ reverse reaction တွေဟာ ရပ်တန့်ခြင်းမရှိဘဲ တူညီတဲ့နှုန်းတွေနဲ့ ဆက်လက်ဖြစ်ပွားနေလို့ dynamic equilibrium လို့ သတ်မှတ်ခေါ်ဝေါ်ပါတယ်။

Reactions တွေရဲ့ physical states တွေအရ တစ်သားတည်းမျှခြေနှင့် တစ်သားတည်းမဟုတ်မျှခြေ homogeneous နဲ့ heterogeneous equilibria တွေကို သတ်မှတ်ဖော်ပြတတ်ရမယ်။ အပူချိန်၊ ဖိအားနဲ့ ပါဝင်ကိန်းပြောင်းလဲခြင်းတွေက မျှခြေအပေါ် သက်ရောက်မှုများကို ခန့်မှန်းရာမှာ Le Chatelier's Principle ဟာ အလွန်အသုံးဝင်ပါတယ်။

Concentration effect, Pressure effect or Temperature effect တစ်ခုချင်းစီကို စာမေးပွဲအတွက် လေ့လာထားစေလိုပါတယ်။ သက်ရောက်မှုတစ်ခုစီအတွက် ဥပမာများ၊ လေ့ကျင့်ခန်းများနှင့် ဖြေဆိုမှုပုံစံတို့ကို လေ့လာပြီးဖြေဆိုတတ်စေရန် ဖြစ်ပါတယ်။

Le Chatelier's Principle ကို စက်မှုလုပ်ငန်းတွေမှာ အသုံးပြုခြင်းအတွက် ဥပမာ– ammonia နှင့် methanol production များကို သိရှိစေရန် မျှခြေအနေနှင့် ဖော်ပြပေးထားသလို အသေးစိတ် သိရှိနားလည်စေလိုပါတယ်။

Homogeneous နဲ့ Heterogeneous equation များအတွက် equilibrium constant $K_{eq}$ တန်ဖိုးများကို ရေးသားဖော်ပြတတ်ရပါမယ်။ Chemical equilibrium တစ်ခုရဲ့ မျှခြေကိန်းသေ $K_{eq}$ ကို molar concen–tration အားဖြင့် $K_c$ နှင့် gaseous equilibrium အတွက် $K_p$ စသဖြင့် ဖော်ပြပေးတတ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာပုစ္ဆာများကိုလည်း ဖြေရှင်းတွက်ချက်ထားစေလိုပါတယ်။

**Chapter (5) Acid–Base Reactions** ဖြစ်ပါတယ်။ Acids and bases theories (၃) ခုကို တင်ပြသွားမှာဖြစ်ပါတယ်။ Arrhenius Theory သည် $H^+$ ions နှင့် $OH^-$ ions များကို အခြေခံ၍ acid–base ကိုအဓိပ္ပာယ်သတ်မှတ်ထားကြောင်း သိရှိဖို့လိုအပ်ပါတယ်။ Strong acid နဲ့ weak acid ရဲ့ dissociation equation ကို မှန်ကန်စွာ ရေးသားဖော်ပြတတ်ရမှာဖြစ်ပါတယ်။ Brønsted and Lowry Theory အရဆိုလျှင် proton သို့မဟုတ် $H^+$ ion ပေးနိုင်မှု၊ လက်ခံနိုင်မှုကို အခြေခံ၍ အဓိပ္ပာယ်ဖွင့်ဆိုထားကြောင်း သိရှိဖို့ လိုအပ်ပါတယ်။ Brønsted and Lowry Theory ကို အခြေခံ၍ The concept of conjugated acid–base pairs ကိုလည်း ဥပမာများနှင့် အဓိပ္ပာယ်ရှင်းလင်းတတ်ရန်လိုပါတယ်။ Lewis acid–base theory မှာတော့ acid–base အဓိပ္ပာယ်ကို မော်လီကျူး သို့မဟုတ် ions ပေါ်ရှိ ē pair လက်ခံနိုင်မှု၊ ထုတ်ပေးနိုင်မှုတို့ဖြင့် အဓိပ္ပာယ်သတ်မှတ်ပေးထားပါတယ်။

**ရေမော်လီကျူးပြိုကွဲခြင်း နှင့် pH ဖော်ပြချက်**မှာ ရေပြိုကွဲမှုဖြစ်စဉ်၊ The ionic product of water constant ($K_w$) တွက်ထုတ်ခြင်း၊ pH and pOH relationship နှင့် pH scale တို့ကို ရှင်းလင်းစွာဖော်ပြပေးထားပြီး ဆက်စပ်မေးခွန်းများကို မှန်ကန်စွာ ဖြေဆိုတတ်ရမယ်၊ ပုစ္ဆာတွက်ချက်မှုကိုလည်း အဆင့်မကျော်စေရန် သတိပြုစေလိုပါတယ်။

e.g. Calculate the pH of an aqueous solution containing 7.3 g HCl per $dm^3$.

(H = 1, Cl = 35.5)

**Answer:** molar mass of HCl = 1+ 35.5= 36.5 g $mol^{-1}$

$$\text{mol of HCl} = \frac{7.3\ g}{36.5\ g\ mol^{-1}} = 0.2\ mol, \quad [HCl] = \frac{0.2\ mol}{1\ dm^3} = 0.2\ mol\ dm^{-3}$$

$HCl(aq) \rightarrow H^+(aq) + Cl^-(aq)$

$0.2\ mol\ dm^{-3}$ $0.2\ mol\ dm^{-3}$

$pH = -\log[H^+] = -\log 0.2 = 0.699$

ထို့နောက် **acid ပျော်ရည်၊ base ပျော်ရည်တို့၏ပြိုကွဲမှု ionisation** အကြောင်းကို လေ့လာမည်ဆိုပါက basicity of an acid နဲ့ acidity of a base သဘောတရားများကို ရှင်းလင်းတင်ပြနိုင်ဖို့ လိုအပ်ပါတယ်။ Acid ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ $K_a$ နှင့် acid ပြင်းအား ဆက်သွယ်မှု– အလားတူ base ပြိုကွဲလျှင် ပြိုကွဲခြင်းကိန်းသေ $K_b$ ဆက်သွယ်ချက်များကို တိကျစွာဖော်ပြပေးတတ်ရမည် ဖြစ်ပါတယ်။

**ဆားအမျိုးအစား (၄) မျိုး**ဖြစ်တဲ့ strong acid and strong base, strong acid and weak base, weak acid and strong base နှင့် weak acid and weak base တို့ရဲ့ဆားတွေ ရေသွင်းဖြိုခွဲခြင်းဖြစ်တဲ့အခါ pH တန်ဖိုး မတူညီရတဲ့အကြောင်းအရင်းတွေကို ဆားနမူနာများနဲ့ အကျိုးအကြောင်းဆက်စပ် ဖြေဆိုတတ်ဖို့ လိုအပ်ပါတယ်။

**Buffer ပျော်ရည်**ဆိုတာက weak acid နှင့် ၎င်း၏ဆားပျော်ရည် သို့မဟုတ် weak base နှင့် ၎င်း၏ဆားပျော်ရည်တို့ ပါဝင်သောပျော်ရည်အမျိုးအစား ဖြစ်ပါတယ်။ ထိုပျော်ရည်များ၏ ဂုဏ်သတ္တိသည် dilution လုပ်ခြင်း၊ acid သို့မဟုတ် base အနည်းငယ်ထပ်ထည့်ခြင်းဖြင့် pH ပြောင်းလဲမှုကို ဟန့်တားနိုင်စေပါတယ်။ Buffer solution အမျိုးအစား (၂) မျိုးနှင့် ၎င်းတို့၏ pH range ကိုပါ ဖော်ပြပေးထားပါတယ်။ ၎င်းနှင့်ပတ်သက်သော တွက်ချက်မှုများကိုလည်း ပြည့်စုံစွာလေ့ကျင့်ထားသင့်ပါတယ်။

**Chapter 6 ကတော့ Transition Elements** တွေကို လေ့လာမှာဖြစ်ပါတယ်။

IUPAC definition အရ *d*–orbitals or subshells များတွင် ē အပြည့်ဖြည့်ဝင်ထားခြင်း မရှိသော ဒြပ်စင်အက်တမ် သို့မဟုတ် ဓာတ်ဖိုအိုင်ယွန်းများကို ကြားဆက်ဒြပ်စင်များ (transition elements) ဟု သတ်မှတ်နိုင်ပါတယ်။ Transition elements တွေကို *s*–block နှင့် *p*–block ကြားတွင် တွေ့ရှိရပြီး *d*–block elements ဟုလည်း ခေါ်ဆိုပါတယ်။ အလှည့်ကျဇယားတွင် transition elements များကို Series ၃ ခု ခွဲထားသည့်အနက် ပထမ Series ကို လေ့လာသွားမှာဖြစ်ပါတယ်။ ပထမ Series ($_{21}Sc$ – $_{30}Zn$) တွင် transition elements ၁၀ ခု ပါဝင်ပါတယ်။ ထိုဒြပ်စင် (၁၀) ခုအတွက် အထက်ဖော်ပြပါမေးခွန်းနမူနာအတိုင်း လေ့လာထားစေလိုပါတယ်။

**Chapter 7 Chemistry and Green Environment** မှာ ကမ္ဘာ့ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု–ကမ္ဘာ၏လေထု၊ ရေထုနှင့် မြေထုညစ်ညမ်းမှုတို့ကို လေ့လာမည့် အခန်းဖြစ်ပါတယ်။ ဒါ့ကြောင့် ယခုအခန်းမှာ carbon, nitrogen, phosphorus နှင့် sulphur တွေရဲ့ biogeochemical cycles များကို သိရှိနားလည်ထားဖို့ လိုအပ်ပါတယ်။ ၎င်း cycles များအပေါ် human activities တွေရဲ့ သက်ရောက်မှုများအပေါ် နားလည်ထားဖို့လိုအပ်ပါတယ်။ ယခုတွေ့ကြုံနေရတဲ့ environmental problems ကို သိရှိထားဖို့ လိုပါတယ်။

ပတ်ဝန်းကျင်မှာတွေ့ကြုံနေရတဲ့ ပြဿနာတွေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေနဲ့ အမြဲစိမ်းလန်း ရှင်သန်နေတဲ့ ပတ်ဝန်းကျင်ဖြစ်ပေါ်စေဖို့ ဆောင်ရွက်လိုက်နာသင့်တဲ့ လေ့ကျင့်မှုတွေနဲ့ 7R's တို့ကို သေချာစွာ သိရှိနားလည်ဖို့လိုအပ်ပါတယ်။ အန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ heavy metals နဲ့ ယင်းတို့ရဲ့ဒြပ်ပေါင်းတွေဟာ လူသားတို့၏ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုတွေကို သေချာစွာသိထားရမှာဖြစ်ပါတယ်။

ညစ်ညမ်းစေသောဓာတ်ပစ္စည်းများနှင့် ပတ်ဝန်းကျင်အပေါ်သက်ရောက်မှုတို့ကိုလည်း heavy metals (arsenic, cadmium, lead, and mercury)နှင့် ထိုသတ္တုဒြပ်ပေါင်းများက သက်ရောက်နိုင်မှုကို ဖော်ပြပေးထားပါတယ်။ ထို့အပြင် ပိုးသတ်ဆေးဓာတ်ကြွင်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နေမှုများကို ဆွေးနွေးပေးထားပါတယ်။ ပုံနှိပ်စာအုပ်မှာ လေ့လာဖတ်ရှုပြီး မေးခွန်းနှင့်လေ့ကျင့်ခန်းများ ဖြေဆိုထားစေလိုပါတယ်။ မိမိနားလည်ထားသည့် ရှုထောင့်မှလည်းဖြေဆိုနိုင်လျှင် အမှတ်ရရှိနိုင်သည့် အခန်းမျိုးဖြစ်ပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် အခြားသက်ရောက်နိုင်သော အော်ဂဲနစ်ဓာတုဓာတ်ကြွင်းများဖြစ်တဲ့ POPs နဲ့ VOCs တို့ကိုလည်း သိရှိနားလည်ထားရပါမယ်။ သင့်တော်သောဥပမာများနှင့် လူသားတွေရဲ့ ကျန်းမာရေးနှင့်သဘာဝပတ်ဝန်းကျင်အပေါ်

*စာမျက်နှာ ၁၈ သို့*

*စာမျက်နှာ ၁၇ မှ*

၎င်းတို့၏ သက်ရောက်မှုများကို ဖတ်မှတ်နားလည်ထားရမယ်။

သဘာဝနှင့် လူ့ပတ်ဝန်းကျင်များမှ ထွက်ပေါ်လာသော radiation (ဓာတ်ရောင်ခြည်) နှင့် လူမှုပတ်ဝန်းကျင်ရှိ radioactive isotopes တွေရဲ့အသုံးဝင်ပုံ၊ radioactive wastes and radioactivity, radioactive pollutants and pollution များသည် သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုကြောင့်ဖြစ်စေနိုင်သော ကျန်းမာရေးပြဿနာတွေကို သိရှိနားလည်ထားစေလိုပါတယ်။ နျူကလီးယားစွမ်းအင်နှင့် နျူကလီးယားလက်နက်များအကြောင်း၊ ရေဒီယိုသတ္တိကြွပစ္စည်းများကြောင့် လူနှင့်ပတ်ဝန်းကျင်ထိခိုက်မှုများကိုလည်း လေ့လာဖတ်ရှုပြီး မေးခွန်းနှင့် အဖြေကိုက်ညီစေရန် ကြိုတင်လေ့ကျင့်ထားကြပါ။

စိုက်ပျိုးရေးကဏ္ဍနှင့်ပတ်သက်၍ စိုက်ပျိုးရေးဆိုင်ရာထုတ်ကုန်များ၊ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးအသုံးပြုခြင်းများကိုလည်း လေ့လာထားစေလိုပါတယ်။ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်နိုင်သည်များကို လျှော့ချမှု၊ ကုစားမှုနည်းလမ်းကောင်းများကိုလည်း သုတေသနပြုဆောင်ရွက်နိုင်တယ်ဆိုတာကို သိရှိစေလိုပါတယ်။

အခန်း (၈) ကတော့ Organic Compounds and Macromolecules ဖြစ်ပါတယ်။ ဒီအခန်းမှာ organic compounds တွေဖြစ်တဲ့ ethers, aldehydes, ketones, carboxylic acids, esters, amines နဲ့ amides တွေရဲ့ အမည်ပေးစနစ် (nomenclature) နဲ့ preparations, properties and uses တို့ကို သေချာစွာ လေ့လာသိရှိထားရမှာ ဖြစ်ပါတယ်။ Ethanol မှ အစပြု၍ organic reactions အားလုံးအတွက် summary ကို ဖော်ပြပေးထားပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် organic reactions များကို အကြိမ်ကြိမ်ရေးသားလေ့ကျင့်ကြပါလို့ တိုက်တွန်းပါတယ်။ စာမေးပွဲဖြေဆိုရာတွင် Reaction အတွက် မေးသောမေးခွန်းများသည် အော်ဂဲနစ်ဓာတ်ပြုခြင်း ရေးမှသာလျှင် အမှတ်ပြည့်ရမည် ဖြစ်ပါတယ်။ အော်ဂဲနစ် ဒြပ်ပေါင်း တစ်ခုချင်းစီအတွက် USES ကိုဖြေဆိုလျှင်လည်း ရောထွေးမှုမရှိဘဲ တိကျစွာဖြေဆိုနိုင်ရမည်ဖြစ်ပါတယ်။

ဆက်လက်ပြီး organic compounds တွေရဲ့ functional groups တွေကို chemical test နဲ့ ခွဲခြားတဲ့ reactions များကို ဇယားများနှင့်ဖော်ပြပေးထားပါတယ်။ ထိုဇယားဖော်ပြချက်များကို သေချာစွာ လေ့ကျင့်ဖြေဆိုတတ်စေရန် Functional groups များ chemical test equations များနှင့် တွေ့ရှိချက်တို့ကို ရှင်းလင်းစွာ ရေးသားတတ်ဖို့လိုပါတယ်။

Organic compounds များ၏ functional groups တွေကို သတ်မှတ်ပေးနိုင်သော spectroscopic method– လေ့လာဖို့အတွက် ပထမဦးစွာ electromagnetic radiation and electromagnetic spectrum ကို လေ့လာသိရှိထား ရမှာဖြစ်ပါတယ်။ Electromagnetic radiation ရဲ့ wavelength, frequency တို့နဲ့ energy ဆက်သွယ်ချက်ကို သိရှိနားလည်စေလိုပါတယ်။

Organic compounds တွေရဲ့ functional groups ကို spectroscopic techniques အမျိုးမျိုးနဲ့ ရှာဖွေနိုင်ပါတယ်။ အဲဒီထဲက Infrared spectroscopy ကို လေ့လာရမှာဖြစ်ပြီး IR spectroscopy ရဲ့ principle Molecules နဲ့ IR radiation တို့ interaction ဖြစ်ပေါ်ခြင်း molecules က IR radiation ရဲ့ စွမ်းအင်ကိုစုပ်ယူပြီး molecular vibration ဖြစ်ပေါ်စေခြင်း စသည်တို့ကို လေ့လာမှတ်သားရမည် ဖြစ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ vibrational frequency က bond strength နဲ့ masses အပေါ်မူတည်ပြီး ပြောင်းလဲနေပါတယ်။ စုပ်ယူလိုက်တဲ့ frequency က molecule မှာရှိတဲ့ ဓာတ်စည်း သို့မဟုတ် groups တွေပေါ် မူတည်ပြီး ဖြစ်ပေါ်တဲ့အတွက် frequency တန်ဖိုးကိုသိရင် functional groups တွေကို ရှာဖွေနိုင်မှာဖြစ်ပါတယ်။

Molecules တွေရဲ့ IR active နဲ့ IR inactive တို့သည် Molecules များ၏ dipole moment changes ပေါ်မူတည်ပြီး– dipole moment changes ရှိမှသာ IR active dipole moment changes မရှိခဲ့လျှင် IR inactive ဖြစ်ပါတယ်။ ဥပမာ $N_2$ molecule ဟာ dipole moment changes မရှိတဲ့အတွက် IR inactive ဖြစ်ပါတယ်။ CO molecule ကတော့ dipole moment changes ရှိတဲ့အတွက် IR active ဖြစ်ပါတယ်။

Propanone ရဲ့ IR spectrum ကို လေ့လာတဲ့အခါ C–H နဲ့ C=O functional groups တို့ရဲ့ absorption band တွေကို 2980 $cm^{-1}$ နဲ့ 1700 $cm^{-1}$ တို့မှာ တွေ့ရှိနိုင်ပါတယ်။

IR spectrum တွေကို လေ့လာရာမှာ ယခုဖော်ပြထားတဲ့ characteristic absorption band နဲ့ band intensity ကို Table မှာပြသပေးထားပါတယ်။ ဒီဇယားကို အသုံးပြု၍ ပုံနှိပ်စာအုပ်တွင်ပါဝင်သော IR spectrum များနှင့် တိုက်ဆိုင်လေ့ကျင့်ထားမည်ဆိုလျှင် functional groups, wavenumber, and band intensity တို့ကို အကျွမ်းတဝင်သိရှိလာနိုင်ပါတယ်။

**Table Some Characteristic Infrared Absorption Bands and their Intensitie**

| Classes of compounds | Bond | Wavenumber ($cm^{-1}$) | Band intensity |
|---|---|---|---|
| alcohols, ethers, esters, carboxylic acids | C–O | 1050–1410 | strong |
| alkenes, aromatic compounds | C=C | 1620–1680 | medium, weak |
| amides, ketones, aldehydes, esters, carboxylic acids | C=O | 1650–1750 | strong, sharp |
| alkynes | C=C | 2100–2260 | medium, weak |
| carboxylic acids | O–H | 2500–3300 | strong, very broad |
| aldehydes | C–H | 2720–2820 | medium, weak |
| alkanes, alkenes | C–H | 2850–3090 | strong |
| alcohols | O–H | 3200–3600 | strong |
| amines, amides | N–H | 3300–3500 | weak, mediun |

ဥပမာအားဖြင့် ethanol, ethanoic acid, ethanamine တို့ရဲ့ infrared spectra တွေကို လေ့လာမယ်ဆိုရင် 3400 $cm^{-1}$, 2950 $cm^{-1}$ တို့မှာ OH နဲ့ CH stretching vibration ကို တွေ့နိုင်ပါတယ်။ 3200 $cm^{-1}$ မှာ acid OH stretching, 2950 $cm^{-1}$ မှာ CH stretching, 1700 $cm^{-1}$ မှာ C=O stretching တို့ကို တွေ့ရှိမှာဖြစ်ပါတယ်။ Ethanamine ရဲ့ IR spectrum မှာ 3400 $cm^{-1}$ မှာ NH stretching, 2900 $cm^{-1}$ မှာ CH stretching တို့ကို တွေ့ရှိရမှာဖြစ်ပါတယ်။ OH, C=O ကဲ့သို့ bond polarity မြင့်လျှင် absorption band ရဲ့ intensity လည်း များမှာဖြစ်ပါတယ်။ Hydrogen bond ဖြစ်ပေါ်မှုကြောင့် bond polarity များပြီး absorption band ရဲ့ intensity လည်း မြင့်လာတယ်။ Peak ကလည်း broad ဖြစ်မှာဖြစ်ပါတယ်။

Macromolecules မှာတော့ natural and synthetic polymers တွေရဲ့ examples တွေကို သိရှိရမှာဖြစ်ပါတယ်။ Monomers များ ပေါင်းစပ်ပြီး polymerisation ဖြစ်ပေါ်လာပုံကိုလည်း ဖော်ပြပေးထားပါတယ်။ Polymerisation process မှာ addition polymerisation process ကို သိရှိနားလည်ရမှာဖြစ်ပါတယ်။ Addition polymers တွေရဲ့ ဂုဏ်သတ္တိများနှင့် အသုံးဝင်မှုတွေကိုလည်း သိရှိထားရမှာဖြစ်ပါတယ်။ Condensation polymerisation မှာ monomers တွေက အမျိုးမတူတဲ့ functional groups နှစ်မျိုး ပါဝင်ပြီး polymerisation ဖြစ်ပြီးတဲ့အခါ repeated linkage ကိုလည်း သိရှိ နားလည်ရမှာဖြစ်ပါတယ်။ အသုံးဝင်ပုံနှင့် ဂုဏ်သတ္တိများကိုလည်း မှတ်သားသိရှိရမှာ ဖြစ်ပါတယ်။

Plastics and environment မှာတော့ ပလတ်စတစ်အသုံးပြုခြင်းကြောင့် ဖြစ်ပေါ်လာတဲ့ ပြဿနာများ၊ ၎င်းတို့ကို လျှော့ကျစေဖို့အတွက် recycling plastics နဲ့ degradable plastics တို့ကို ထုတ်လုပ်သုံးစွဲပြီး ပလတ်စတစ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျှော့ချဖြေရှင်းနိုင်မည့်နည်းလမ်းများကို သိရှိထားဖို့ လိုအပ်ပါတယ်။ Recycling symbols များကို နားလည်သိရှိဖို့လိုပါတယ်။

Chapter တိုင်းမှာ ပေးထားတဲ့ review questions များ၊ exercises များနှင့် problems များကိုလည်း သေသေချာချာလေ့လာထားဖို့ လိုအပ်ပါတယ်။

၂၀၂၅ တက္ကသိုလ်ဝင်စာမေးပွဲ Grade 12 Chemistry မေးခွန်းနမူနာပုံစံကို ဖြေဆိုပြထားသည့်အတွက် ဓာတုဗေဒဘာသာရပ် ဖြေဆိုမှုကို အထောက်အကူပြုလိမ့်မည်ဟု မျှော်လင့်ပါသည်။ Chapter တစ်ခုချင်းအလိုက် အကျဉ်းချုပ်လေ့လာမှတ်သားရန်တို့ကိုလည်း ရေးသားတင်ပြထားသည့်အတွက် တပည့်တို့အနေနဲ့ နားလည်သဘောပေါက်ပြီဟု ယူဆပါသည်။ ထို့ကြောင့် chapter တစ်ခုချင်း အသေးစိတ်သေချာစွာလေ့လာဖို့၊ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်ဖို့ လိုအပ်တဲ့အပြင် ဖတ်စာအုပ်မှာပါတဲ့ပုစ္ဆာတွေ၊ မေးခွန်းတွေကိုပါ လေ့ကျင့်ထားဖို့ လိုပါတယ်။ ထပ်မံသတိပေးလိုတာကတော့ ပုစ္ဆာတွက်တဲ့အခါ လိုအပ်တဲ့နေရာတွေမှာ unit များထည့်ဖို့၊ ပုံသေနည်းများကို ပြည့်စုံအောင်ရေးဖို့၊ သက်ဆိုင်ရာ မေးခွန်းနံပါတ်ကို ဖြေဆိုရာမှာ မှန်ကန်စွာရေးသားဖော်ပြဖို့ သတိပြုရပါမယ်။

နိဂုံးချုပ်အနေနှင့် ၂၀၂၆ ခုနှစ် မတ်လမှာ ကျင်းပမယ့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာရပ်ကို အခက်အခဲမရှိ ကောင်းမွန်မှန်ကန်စွာဖြေဆိုနိုင်ပြီး မိမိကြိုးစားအားထုတ်မှု ရလဒ်ကောင်းများဖြင့် အောင်မြင်မှုရရှိနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဒီမှာပဲရပ်နားလိုက်ပါမယ်။

**************************************************

## ကလေးဝမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော



ကလေးဝ ဖေဖော်ဝါရီ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် သစ်ချောက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၂ ရက်က ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက စားသုံးရန်မသင့်သော စားသုံးကုန်ပစ္စည်းများအကြောင်း၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း၊ မုန်တိုင်းအန္တရာယ်အကြောင်း၊ အားကစားပြုလုပ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းတို့ကို အသိပညာပေးဟောပြောသည်။ **မြို့နယ်(ပြန်/ဆက်)**



မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ဈေးများတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို အမှတ် (၅) ရပ်ကွက် မိန်းလမ်းမကြီးရှိ မြို့မဈေးရှေ့၌ ဖေဖော်ဝါရီ ၃ ရက်က ဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)



ချောက်မြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးသိန်းဇော်ဝင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဒုတိယဦးစီးမှူး ဒေါ်ယုယုအောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောပွဲနှင့်လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြသခြင်းကို ဖေဖော်ဝါရီ ၂ ရက်က အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်စဉ်။ ကျော်မိုး(ပြန်/ဆက်)



## မိုင်းပျဉ်းမြို့၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဟောပြောပွဲနှင့် တိုင်းရင်းသားရိုးရာဝတ်စုံပြိုင်ပွဲကျင်းပ

မိုင်းပျဉ်း ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုဟောပြောပွဲနှင့် တိုင်းရင်းသားရိုးရာဝတ်စုံပြိုင်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ ရက်က အထက(ခွဲ)ကျောင်း နီလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်အားကစားမှူး ဦးအောင်မျိုးသူနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးတို့က (၇၉)နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုအသိပညာပေးဟောပြောသည်။ ထို့နောက် တိုင်းရင်းသားရိုးရာဝတ်စုံပြိုင်ပွဲကို ကျင်းပရာ အထက(ခွဲ)ကျောင်းမှ ကျောင်းသူများက မိမိတို့နှစ်သက်ရာ တိုင်းရင်းသားရိုးရာဝတ်စုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။ **နန်းသန္တာဦး(ပြန်/ဆက်)**

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

**လူမှုခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁(က)အရ**

PERFECT (NORTH DAGON) MANUFACTURING COMPANY LIMITED

**(ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

"PERFECT (NORTH DAGON) MANUFACTURING COMPANY LIMITED"(ဖျက်သိမ်းဆဲ)၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှစာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်းတင်ပြရန်နှင့်ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင်ပါဝင်သူများအားလုံးတက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်နှင့်အချိန်** – ၂၀၂၆ ခုနှစ်၊ မတ်လ၊ ( ၄ )ရက် နံနက် (၁၀)နာရီ

**ကျင်းပမည့်ပုံစံ** – Online Meeting

ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)
(လူမှုခံယူခြင်းဆိုင်ရာကျွမ်းကျင်သူမှတ်ပုံတင်အမှတ်–၁၀၁၄၆၀)
YENOOS & ASSOCIATES CONSULTING LTD
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
PERFECT (NORTH DAGON) MANUFACTURING COMPANY LIMITED

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ စံရိပ်ငြိမ်(၄)လမ်း၊ မြေကွက်အမှတ်( ၅၆၆ )၊အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးခင်မောင်ညွန့် (AA–၀၃၇၉၄၃)(၁၂/အလန(နိုင်)၀၃၂၈၄၇) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဖုန်း– 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ချမ်းမြေ့သာယာ(၂)လမ်း၊ မြေကွက်အမှတ်(၂၈၀)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဦးသန်းကြည် အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အနက်မှ ညာဘက်ခြမ်း (မြေကွက်အမှတ် ၂၈၁ နှင့်ကပ်လျက်အခြမ်း) အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် (၉၉၄၉/၂၀၂၃)ဖြင့်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်လှမြ (၁၂/လမန(နိုင်) ၀၀၉၁၀၃ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဖြိုးမင်းသန့် (၁၂/လမန(နိုင်) ၀၁၆၉၉၉ )ကဝယ်ယူရန်အတွက်စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေငြာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဖုန်း– 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၃၊ အောင်နန်းရိပ်သာရပ်)၊ ဦးပိုင်အမှတ် (၁၃၃)၊ မြေဧရိယာ(၀ဒသမ၂၁၆)ဧကရှိ မြေကွက်သည် ဒေါ်စောရီ (၁/မကန(နိုင်)၀၂၁၃၆၀) အမည်ဖြင့် အမှုတွဲအမှတ် ၃၃၂/V ၁၉၈၀–၁၉၈၁ အရ (၄–၁၀–၁၉၈၂) ရက်မှ (၃၀–၆–၁၉၉၂) ရက်အထိ (၁၀)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ယခုအခါ အဆိုပါမြေငှားဂရန် မူရင်းမှာ (၂၀၁၁) ခုနှစ်တွင် နေအိမ်ပြောင်းရွှေ့စဉ် ပျောက်ဆုံးသွားခဲ့ပါသဖြင့် မြေငှားဂရန် မိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် အမွေစားအ မွေခံဖြစ်သူ ဦးသက်ထွန်းအောင်က လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခု ကြော်ငြာစာပါသည့် ရက်နေ့မှစ၍ (၁၅) ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၁)၊ မြေကွက်အမှတ် (၁၁၀၀) မြေအကျယ်အဝန်းပေ (၄၀x၆၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေအကျယ်အဝန်း ပေ(၂၀x၆၀)ရှိ ဦးညွန့်သိန်း (CK–007193)အမည်ပေါက် မြေချပါမစ်မိတ္တူခြမ်း ထောင့်ဘက်ခြမ်း မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေချပါမစ်မိတ္တူနှင့်တကွ နှစ်ဦးသဘောတူစာချုပ်အဆက်စပ်မူရင်းများ၊ ယင်းမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သီသီဦး (၁၂/လကန(နိုင်)၂၁၆၁၅၂) မှ အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ဇင်မာဝေနှင့် ဒေါ်မော်မော်ထွန်း ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ (စဉ်–၅၃၄၃၁/၂၀၂၀)**
**အမှတ် (၉၁၃)၊ ရေသန့်လမ်း၊ ၁၃၁ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉–၇၉၃၀၆၀၅၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၈)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ် (၇၄၉) ၊ မြေအကျယ်အဝန်း (၄၀x၆၀) ပေရှိသော ဦးဝင်းလှိုင် (A/RGN–012960)အမည်ပေါက် မြေချပါမစ်မူရင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေချပါမစ်မူရင်းနှင့်တကွ နှစ်ဦးသဘောတူစာချုပ်အဆက်စပ်မူရင်းများ၊ ယင်းမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ကြူကြူဝင်း ၁၂/ဥကတ(နိုင်)၁၁၀၁၂၆ မှ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးဝေမျိုးအောင် ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ (စဉ်–၅၃၄၃၁/၂၀၂၀)**
**အမှတ် (၉၁၃)၊ ရေသန့်လမ်း၊ (၁၃၁) ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၉–၇၉၃၀၆၀၅၀၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (၉)ရပ်ကွက်၊ အကွက်အမှတ် (ထထ–၂၆)၊ ဦးပိုင်အမှတ် (၅၈)မြေကွက်သည် မောင်ဆန်းဝင်းမင်း အမည်ဖြင့် ချထားပေးသော မြေကွက်ဖြစ်ပါသည်။ မောင်ဆန်းဝင်းမင်းသည် အရွယ်မရောက်သေးသူဖြစ်သည့်အတွက် ၎င်းနှင့်အတူ ပြုစုစောင့်ရှောက်နေထိုင်သူ အဘိုးဖြစ်သူ ဦးမြရွှေမှ လူနှင့်ပစ္စည်းအရပ်ရပ်တို့ကို စီမံအုပ်ထိန်းခွင့်ပြုရန် တရားဝင်လျှောက်ထားမည်ဖြစ်ကြောင်း အုပ်ထိန်းခွင့်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်ပါက ဦးမြရွှေမှ အုပ်ထိန်းခွင့်ရရှိနိုင်ရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်တော့မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမြရွှေ (ဘ) ဦးကံအေး**
**၈/ခမန (နိုင်) ၀၄၀၀၇၉**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးခင်မောင်မြင့် LL.B(Advocate)**
တရားလွှတ်တော်ရှေ့နေ (စဉ်–၃၃၇၅)
၆၅x၆၆လမ်းကြား၊ ရေနီမြောင်းလမ်း၊
ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊
ဖုန်း–၀၉–၄၀၂၅၉၆၅၅၁

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/73910, Yunde –110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်း ၉/မခန(နိုင်) ၀၀၁၃၂၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/47306, SHAYAN–125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုချင်း ၉/မတရ(နိုင်)၁၅၄၆၅၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ မြေကွက်အမှတ်–၂၆၃၊ အကျယ်အဝန်း( အလျား ၄၀' × အနံ ၆၀')ရှိ ဒေါ်နန်းဝင်းစိန် (A/RGN–၀၁၂၉၇၇) အမည်ပေါက် ပါမစ်မြေကွက်အား အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေးဝင်း (၁၃/လရန(နိုင်)၁၃၅၄၉၂)မှ တရားဝင်လက်ဝယ် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ပိုင်ဆိုင်မှု အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ –

**ဒေါ်အေးအေးမူ(စဉ်–၈၂၂၃) (၁၀–၅–၂၀၁၂)**
**LL.B, D.B.L,D.M.L တရားလွှတ်တော်ရှေ့နေ**
**တိုက်–၉/၁၁၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉ ၅၀၁၃၉၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/52134, Super Anbo –125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ရတနာဦး ၉/အမဇ(နိုင်)၀၄၈၆၈၂ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/85331, Honda Click ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဥမ္မာ ၉/မနမ(နိုင်)၁၀၅၅၀၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥဿာ–၈ ရပ်ကွက်၊ မြေတိုင်းအမှတ် (၂၃)၊ မြေကွက်အမှတ် (၉၀၀) မြေဧရိယာ (၀.၀၅၅) ဧကရှိ မြေအား ဦးဌေးလွင်မှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက မြေငှားဂရန်အသစ်လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ပဲခူးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 65W/30790 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၁၄/မမန(နိုင်)၀၆၈၂၃၆ က ဖောင်းကြွနံပါတ်ပြားပျောက် လာရောက် လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြားအဟောင်းသည် အလိုအလျောက်ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)**
**သန်လျင်မြို့**

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## အမည်မှန်

နွားထိုးကြီးမြို့နယ်၊ အ.ထ.က နွားထိုးကြီးတွင် အလယ်တန်းပြ တာဝန်ထမ်းဆောင်နေသော ဒေါ်မိုးစန္ဒာသိမ်း ၏ အမည်မှန်မှာ ဒေါ်မိုးစန္ဒာသိန်း ဖြစ်ပါကြောင်း။

**ဒေါ်မိုးစန္ဒာသိန်း**

## ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့နယ်၊ မြို့မရပ်ကွက်၊ ပိတောက်မြိုင်လမ်းနေ ဦးတင်အောင်ဌေး ၏သမီး မသက်ထားစံ ၇/မညန(နိုင်)၁၃၇၂၆၃ ၏ နိုင်ငံကူးလက်မှတ် MJ 034755 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉ ၆၉၉ ၇၃၃ ၄၀၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃) ရပ်ကွက်၊ ရတနာမြိုင်လမ်း၊ အိမ်အမှတ် (၃၁/၈၇)၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၈ အိုင်၊ ၈ ဂျေ)တွင် ဆောက်လုပ်ထားသော (၇)ခန်းတွဲ (၅) ထပ်တိုက်၏ တတိယထပ်–ဘီ(၄–ဘီ) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား တရားဝင်လက်ရှိထားပိုင်ဆိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုသက်လှိုင် (၇/ပမန(နိုင်)၁၁၂၉၀၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မင်းမင်းဇင် (၁၂/ကမရ(နိုင်)၀၄၆၇၅၄) က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ်ပြုလုပ်မည့်တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယခုကြေညာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ အပြီးဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးမင်းသိန်းအောင် (LL.B)၊ အထက်တန်းရှေ့နေ (စဉ် – ၃၇၇၈၁၊ ၂၀၁၁)**
**အမှတ် – ၃၃၊ ဘယသုဒ္ဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၄၂၁၇၁၄၄၈၁**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဆင်ဆိပ်ရပ်ကွက်၊ အကွက်အမှတ်–၉၊ ထိန်ဟောင်း အနောက်ကွက်၊ ဦးပိုင်အမှတ် ၆၇၊ ၆၈( G2, G3) အမျိုးအစား ဦးဘရွှေ၊ မစောညီးအမည်ပေါက် မြေချိန်ဧရိယာ (၀.၁၈၅) ဧကသည် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဦးအောင်ဌေး ၆/လလန(နိုင်) ၀၆၃၀၃၄ နှင့် ဒေါ်ယုယုစိန် ၆/ထဝန(နိုင်)၀၄၆၄၆၇ တို့က အမည်ပေါက်ပိုင်ရှင်ထံမှ (၁၇–၁၁–၂၀၀၅) ရက်ကတည်းက ဝယ်ယူခဲ့၍ ယနေ့အထိ တရားဝင်လက်ရောက်ပိုင်ဆိုင်အကျိုးခံစားလာသော မြေဖြစ်ပါသည်။

၎င်းမြေကိုကျွန်ုပ်မိတ်ဆွေများ ဝယ်ယူစဉ်အခါက အမည်ပေါက်ပိုင်ရှင် ဦးဘရွှေသည် ၎င်း၏သားသမီးများ အားငွေကြေးကို အချိုးကျအညီအမျှခွဲဝေပေးထားပြီး ထိုအရောင်းအဝယ်စာချုပ်ပေါ်တွင်ပင် အချိုးကျခွဲဝေပေးထားသည့်အကြောင်း ပူးတွဲဖော်ပြထားကာ အရှုပ်အရှင်းတစ်စုံတစ်ရာကင်းရှင်းစွာဖြင့် ဝယ်ယူခဲ့သောမြေဖြစ်ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်မိတ်ဆွေများမှ ၎င်းတို့ပိုင်ဆိုင်သောမြေအား ရောင်းချမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း စာချုပ်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့်လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးအောင်ဌေး၊ ဒေါ်ယုယုစိန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်နုဝါ (LL.B) (DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၉၇၁၁) (၇–၇–၂၀၂၅)**
**ဖုန်း–၀၉–၇၈၅၄၄၆၅၂၉၊၀၉–၆၈၅၄၄၇၂၉၆၊ ၀၉– ၄၂၁၇၉၅၉၃၀**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2G/2318, HONDA PARTNER GJ3, STATION WAGON ယာဉ်လက်ဝယ်ရှိသူ ဦးနန်းတင် ၈/ရစက(နိုင်)၀၉၅၉၉၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/54909, Honda Click ယာဉ်လက်ဝယ်ရှိသူ New HEAVEN–9, Co.,Ltd. က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/8462, TOYOTA PROBOX NCP50, STATION WAGON (4x2)(R) ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင် ၁၃/တကန(နိုင်)၀၀၉၉၄၈ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/11677, Honda Click–150 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းစံ ၈/ရစက (နိုင်) ၁၂၆၃၈၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀)**

**အောင်မြေသာစံခရိုင်တရားရုံးတော်**

**၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၅**

ဒေါ်ဝင်းဝင်းမြင့် **နှင့်** ဦးလုန်း

**(တရားလို)** **( တရားပြိုင် )**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက် (၅/၁၅) နေ တရားပြိုင် ဦးလုန်း(ဘ) ဦးကွန့် AE-241674 (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်၊

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထား စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လွင်လွင်လှိုင်)**
**ဒုတိယခရိုင်တရားသူကြီး (၄)**
**အောင်မြေသာစံခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁နှင့်၅)**

**မော်လမြိုင်မြို့နယ်တရားရုံးတော်**

**၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၇၆**

ဦးကျော်ဇံလှ **နှင့်** ဒေါ်ကေသီအောင်

**(တရားလို)** **(တရားပြိုင်)**

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မောင်ငံရပ်ကွက်၊ ဂျီဝါးဝင်းလမ်း၊ အမှတ် (၇၄) နေ တရားပြိုင် ဒေါ်ကေသီအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ ချေးငွေ ၄၀၀,၀၀၀၀၀/-ကျပ်ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက် (၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက် အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးပပအောင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**မော်လမြိုင်မြို့နယ်တရားရုံး**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ ရွှေရောင်အနာဂတ်ကိုယ်ပိုင်အလယ်တန်းကျောင်း Grade-5 မှ မပန်းကြည်နူးမေ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဇော်ဝင်း ၈/ခမန (နိုင်) ၁၆၁၃၅၇ ဖြစ်ပါကြောင်း။

**ဦးအောင်ဇော်ဝင်း**
**၈/ခမန(နိုင်)၁၆၁၃၅၇**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 74W/50516, Haojue - 115, M/C ယာဉ်လက်ဝယ်ရှိသူ ဦးချိုတူး ၁၄/အမန(နိုင်)၁၀၇၈၉၆ မှ ဖောင်းကြွနံပါတ်ပြားပျောက် လာရောက်လျှောက်ထားလာပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ငြင်းချက်ထုတ်ရန် ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀)**

**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

**၂၀၂၅ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၆၀**

၁။ ဦးစိုးမိုးနိုင် **နှင့်** ဒေါ်ညွန့်ညွန့်
၂။ ဦးလှငွေး
**(တရားလိုများ)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ပြည်တော်သာလမ်း၊ အမှတ်-(၁၀/က) နေ ဒေါ်ညွန့်ညွန့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက “ကတိပဋိညာဉ်အတိုင်းမှတ်ပုံတင်အရောင်းစာချုပ်ပြုလုပ် ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ် ၊ မတ်လ ၃ ရက် (၁၃၈၇ ခုနှစ် ၊ တပေါင်းလဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖွန်ပွင့်ဖြူ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**သဃ်န်းကျွန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၆) ရပ်ကွက်၊ ကျောက်မျက်ရတနာလမ်း၊ အမှတ် (၁၀၃၈/က)၊ (၂၀ x ၆၀)ပေ အကျယ်ရှိ မြေကွက်နှင့် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဦးစိန်မောင်၊ ဒေါ်အခင်တို့ပိုင်ဆိုင်ခဲ့သော ပစ္စည်းဖြစ်ပါသည်။ ဦးစိန်မောင်သည် ၂၀၂၁ ခုနှစ်တွင်လည်းကောင်း၊ ဒေါ်အခင်သည် ၂၀၂၂ ခုနှစ်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီးဖြစ်ပါသည်။ ၎င်းတို့နှစ်ဦးကွယ်လွန်သွားပြီးနောက် သားသမီး (၆) ဦး ကျန်ရှိသည့်အနက် ဒုတိယမြောက်သမီးဒေါ်ဝင်းဝင်းကြည်သည် ၁၂-၁၂-၂၀၂၅ ရက်က ကွယ်လွန်သွားခဲ့ပါသည်။ ဒေါ်ဝင်းဝင်းကြည်၏ သားအရင်းအဖြစ် ဦးဉာဏ်လင်းထက် ကျန်ရှိပါသည်။ ဦးဉာဏ်လင်းထက်သည် အမွေပုံပစ္စည်းဖြစ်သည့် မြေကွက်နှင့် နေအိမ်အား လက်ဝယ်ထားရှိ နေထိုင်လျက်ရှိပါသည်။ သို့ဖြစ်၍ အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်သော မြေကွက်၊ နေအိမ်နှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်သည် အမွေဆိုင်များအားလုံးနှင့် အချိုးကျအညီအမျှ သက်ဆိုင်လျက်ရှိနေပါသည်။ ထို့ကြောင့် အမွေဆိုင်တစ်ဦးဖြစ်သည့် ဦးဉာဏ်လင်းထက်၏ သဘောတူခွင့်ပြုချက်မရဘဲ အထက်ဖော်ပြပါ အမွေပုံပစ္စည်းအဖြစ် ကျန်ရစ်သောမြေကွက်နှင့်နေအိမ်အား ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ လွှဲပြောင်း၊ အာမခံတင်သွင်းခြင်းနှင့် ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းတို့ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက မလွှဲမရှောင်သာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသန်းထူးကျော် အထက်တန်းရှေ့နေ (စဉ်– ၅၆၄၄၇)**
**LL.B, D.I.P.L, WIPO(Switzerland)**
**ဖုန်း– ၀၉-၂၅၄၃၂၁၀၆၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – အောင်ချမ်းသာ တိုးချဲ့၊ အေးမေတ္တာရပ်ကွက်၊ မြေကွက်အမှတ် (၂၅၂) ဟုခေါ်တွင်သော အလျား x အနံ (၄၀ x ၆၀) ပေ အကျယ်ရှိ ဒုဗိုလ်မှူးကြီး ထွန်းထွန်းဆွေ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်အေးအေးမြ ၁၂/ဗဟန(နိုင်)၀၃၉၀၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိအိမိုး ၁၄/ပတန(နိုင်) ၀၈၄၂၈၄ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇာနည် (LL.B., DBL,DIPL)** | **ဒေါ်အိအိမော် (ခ) အိသဥ္ဇာအောင်** |
| **(စဉ်– ၁၄၆၆၈)** | **(LL.B, DIPL) (စဉ် – ၁၈၇၂၆)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့**
**ဖုန်း – ၀၉-၄၂၀၃၀၀၂၆၂**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆) ရပ်ကွက်၊ မင်းလှရဲခေါင်လမ်း၊ အမှတ် (၅၃၅) နေ ဦးဇော်ဝင်းထွန်း ၁၂/ဥကမ(နိုင်)၀၂၆၃၀၂ သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၆) ရပ်ကွက်၊ ရှင်စောပု (၁) လမ်း၊ အမှတ် (၃၅၄)ဟု ခေါ်တွင်သော အလျား ပေ ၄၀ x အနံ ပေ ၆၀ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ပိုင်ဆိုင်ထားသူ ဖြစ်ပါသည်။ ဖော်ပြပါအိမ်ခြံမြေအား ဦးဇော်ဝင်းထွန်း၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးဇော်ဝင်းထွန်း** | **ဒေါ်နန်းစန်းယုမော် (LL.B, LL.M)** |
| **၁၂/ဥကမ(နိုင်)၀၂၆၃၀၂** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၅၉၁)** |
| | **ဖုန်း–၀၉-၄၅၁၆၁၄၁၉၃** |

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်) ရပ်ကွက်၊ မြို့မ (၁၁) လမ်း၊ အမှတ် (၃၀၅) တွင် နေထိုင်သော ဦးတင်ဇော် ၁၁/မတန(နိုင်)၀၁၂၁၁၇ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၂၈-၁-၂၀၂၆ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၄/၅၅၉) ဖြင့် တရားဝင်မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားပြီးဖြစ်ပါသည်–

Colage®

အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်ဖြင့် သွားတိုက်တံနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံး ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်တွင် ကပ်နှိပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဦးတင်ဇော် ၁၁/မတန(နိုင်)၀၁၂၁၁၇ ၏ ခွင့်ပြုချက်မရဘဲ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှား တုပထုတ်လုပ်ခြင်းများ တွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တိုးတိုးကျော် (စဉ် – ၈၃၈၇)**
**LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း–၀၉-၅၁၀၇၀၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ ကျီတော်အိမ်ရာ၊ တိုက်အမှတ် (၄)၊ အခန်းအမှတ် (၃၀၅) ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ထူးထူးအောင်ထံမှ ပြန်လည်ဝယ်ယူထားသူ ဦးမျိုးမင်း ၅/ရဘန(နိုင်)၁၂၇၃၄၉ က ပိုင်ဆိုင်မှုအထောက်အထားများ ပျောက်ဆုံးကြောင်းတင်ပြ၍ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းကို ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၅) ရက်အတွင်း အထောက်အထားပြည့်စုံစွာတင်ပြ ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္တေပင်အုပ်စု၊ ထိန်စွန်းကျေးရွာ၊ ထိန်စွန်း (၃)လမ်း၊ အမှတ်(မရှိ)ဟုခေါ်တွင်သော (၂၅' x ၇၀') ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC (၁) ထပ် နေအိမ် (၁) လုံး၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြသန်း ၁၁/မဥန(နိုင်)၁၃၈၄၇၆ က ဦးအောင်သူရ ၇/ပခန(နိုင်)၂၂၇၀၇၅ ထံမှ ၃-၂-၂၀၂၆ရက်တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ် ပြုလုပ်ချုပ်ဆို၍ တရားဝင်ဝယ်ယူရရှိပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါအိမ်ခြံမြေနှင့်ပတ်သက်ပြီး ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မြသန်း တစ်ဦးတည်းသာ တရားဝင်ပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်ချစ်စုဝင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်– ၅၄၄၇၈)**
**အင်းစိန်ရှေ့နေအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း–၀၉-၂၅၁၉၃၂၅၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၇)၊ ရှင်စောပုလမ်း (ခ) မင်းရဲကောင်းပုံလမ်း၊ မြေကွက်အမှတ် (၁၁၀၆)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေ၊ ဧရိယာ (၂၄၀၀) စတုရန်းပေ ဦးအောင်ထွန်း WAW-095887 အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးအာမတ်ခေါ်ဘီ (ခ) ကျော်သိန်း ၁၂/ဒဂတ(နိုင်)၁၃၃၆၉၆ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်မျိုးမမ ၁၄/ကလန(နိုင်)၁၁၅၂၇၅ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်မျိုးမမ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း– ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ် (၆/ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ် (၇၀-က)၊ မြေဧရိယာ ၀ ဒသမ ၀၂၂ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးမင်းမင်းမိုး ၈/ပခက(နိုင်)၁၆၆၈၆၁ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် – တပ်ရာကုန်းကွက်သစ်၊ မြေကွက်အမှတ် (၅၇၂) ဟုခေါ်တွင်သော ဦးရွှေအ/ဦးဘအေး အမည်ပေါက်၊ မြေကွက်အမှတ် (၅၇၃) ဟုခေါ်တွင်သော ဦးစိုးမြင့်/ဦးဘအေး အမည်ပေါက်၊ မြေကွက်အမှတ် (၅၇၄) ဟုခေါ်တွင်သော ဦးပေါက်စ/ဦးဘအေး အမည်ပေါက်၊ မြေကွက်အမှတ် (၅၇၅) ဟုခေါ်တွင်သော ဦးအုန်းဝင်း/ဦးဘအေး အမည်ပေါက်၊ မြေကွက်အမှတ် (၅၇၆) ဟုခေါ်တွင်သော ဦးသန်းဇော်/ဦးဘအေး အမည်ပေါက်၊ တစ်ကွက်ချင်း အလျား x အနံ (၄၀ x ၆၀) ပေအကျယ်ရှိ မြေကွက် (၅) ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်စိုးစိုးဦး ၁၂/မဂတ(နိုင်)၀၃၄၁၄၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းလင်းထက် ၁၂/သလန(နိုင်)၁၅၆၀၃၀ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူ သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးဇာနည် (LL.B., DBL, DIPL) (စဉ်– ၁၄၆၆၈)** **ဒေါ်အိအိမော်(ခ)အိသဥ္ဇာအောင် (LL.B, DIPL) (စဉ် – ၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၁၂၈)၊ ကျိုက်ခေါက်ဘုရားလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း – ၀၉–၄၂၀၃၀၀၂၆၂**

## သက်ဆိုင်သူများ ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် (၄၄)၊ မြေတိုင်းရပ်ကွက်အမှတ် (၄၄)၊ ရွှေစင် (၁) လမ်း၊ မြေကွက်အမှတ် (၂၃၁)၊ မြေအကျယ်အဝန်းပေ (၄၀x၆၀)၊ (၂၄၀၀) စတုရန်းပေ၊မြေရိယာ ၀ ဒသမ ၀၅၅ကေရှိနှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးရဲဝင်းအောင် ၁၁/ကဖန(နိုင်)၀၆၄၄၇၆ အမည်ဖြင့်မှတ်သားတည်ရှိပြီး လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက် ဦးရဲဝင်းအောင် ၁၁/ကဖန(နိုင်)၀၆၄၄၇၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ အိမ်နှင့်မြေအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၀ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အိမ်နှင့်မြေ အရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တိုးတိုးကျော် (စဉ် – ၈၃၈၇) LL.B, D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း–၀၉–၅၁၀၇၀၄၂**

## အများသိစေရန်ကြေညာခြင်း

ဦးကျော်ဇင်ဦး(ခ) Isabella Kyaw Make Up Artist ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်အား လွှဲအပ်ညွှန်ကြားသူ၏ ဂုဏ်သိက္ခာကျဆင်းစေရန်နှင့် အကျိုးစီးပွား နစ်နာဆုံးရှုံးစေရန် ရည်ရွယ်၍ ဂုဏ်သိက္ခာကို ထိခိုက်စေသော အသရေဖျက်သော၊ နှောင့်ယှက်သော၊ မှန်ကန်ခြင်းမရှိသော အကြောင်းအရာများအား အခြားသူများထံသို့ ဖြန့်ဝေခြင်းများ၊ လူမှုကွန်ရက်စာမျက်နှာ (Social media platform) များပေါ်တွင် ရေးသား၍ ပို့စ့်(Post)တင်ခြင်းများကို ဆောင်ရွက်နေသူများရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကိစ္စရပ်များအား ပြုလုပ်ပြောဆိုနေသူများ အနေဖြင့်လည်းကောင်း၊ ပူးပေါင်း ပါဝင်နေသူများ အနေဖြင့်လည်းကောင်း၊ Like ၊ Share နှင့် Comment များ ရေးသားနေသူများ အနေဖြင့်လည်းကောင်း ယနေ့မှစ၍ ချက်ချင်းရပ်တန့်သွားရန်နှင့် နောက်နောင်တွင် မည်သည့်နည်းလမ်းနှင့်မျှ ကျွန်ုပ်အားလွှဲအပ်ညွှန်ကြားသူ၏ အသရေကို ဖျက်ခြင်း၊ နှောင့်ယှက်ခြင်းများ၊ မှန်ကန်ခြင်းမရှိသော အကြောင်းအရာများအား ဖြန့်ဝေခြင်းများကို လုံးဝ(လုံးဝ)ထပ်မံ မပြုလုပ်ရန် အသိပေးအပ်ပါသည်။

အကယ်၍ ယခုအသိပေး ကြေညာချက်အတိုင်း လိုက်နာဆောင်ရွက်သွားရန် ပျက်ကွက်ခဲ့ပါက အထက်ဖော်ပြပါ လုပ်ရပ်များအား ပြုလုပ်ခဲ့သူများ၊ ပြုလုပ်နေသူများအပေါ် သက်ဆိုင်ရာ တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဦးကျော်ဇင်ဦး(ခ)Isabella Kyaw Make Up Artist**
**(ဘ)ဦးဆန်းညွန့်**
**၇/သဝတ (နိုင်) ၁၇၁၉၆၂**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သွယ်သွယ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၁၃၆၅၉)**
**အမှတ်–၄၄၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၄၈၀၅၂၂၇၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ်(၆/ဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ် (၁၅၂)၊ မြေဧရိယာ ၀ ဒသမ ၁၇၈ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်ဗိုဗေဒါ(ခ)ခင်အေး ၉/မမန(နိုင်) ၀၇၇၂၉၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## အမည်ပြောင်း

ဦးအောင်သူရမင်း ၈/သရန (နိုင်)၀၈၂၂၂၂ ၏ သမီး မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ အခြေခံပညာ မူလတန်းကျောင်း (ရွှေဘုံသာ) Grade–5 မှ မနှင်းထက်ရွှန်းလှိုင်အား မအိမ့်နေခြည်ဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိမ့်နေခြည်ဦး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ မြို့သစ်(ခ)၊ (၁၀) လမ်း၊ မြေကွက်အမှတ် (၄၆၅/က)၊ အမှတ် (၇၈၈)၊ အကျယ်အဝန်း (၂၀x ၆၀) ပေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက် မြို့သစ်(ခ)၊ (၁၀) လမ်း၊ မြေကွက်အမှတ် (၄၆၆/ခ)၊ အမှတ် (၇၈၇)၊ အကျယ်အဝန်း–(၂၀x၆၀) ပေအနက်မှ တစ်ဝက်ဖြစ်သော (၁၀x၆၀) ပေရှိ ဦးတင်လှ အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်(၂)ကွက်အနက်မှ စုစုပေါင်းအကျယ်အဝန်း (၃၀x ၆၀)ပေမြေကွက်အား လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ဦးကျော်သိန်း ၁၂/အစန(နိုင်)၁၈၉၆၃၂ နှင့် ဒေါ်မြင့်မြင့် ၁၂/အစန(နိုင်)၁၉၀၄၇၂ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးအေးဖေ ၉/ဝတန(နိုင်)၀၄၀၅၈၅ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းနှင့်တကွ ကျွန်ုပ်ထံတွင် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးနိုင်လင်းထွန်း (LL.B) အထက်တန်းရှေ့နေ (စဉ်–၂၈၆၄၀)**
**ဖုန်း – ၀၉ ၄၂၅၀၁၁၈၇၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/37701 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်သန္တာစိုး ၄/ဟခန(နိုင်)၀၆၀၉၂၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ချင်းပြည်နယ်ရုံး(ဟားခါး)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇)၊ ကံ့ကော်မြိုင်လမ်း၊ မြေကွက်အမှတ် (၇၆၆)၊ အကျယ်အဝန်းပေ (၄၀x၆၀)၊ ဧရိယာ (၂၄၀၀) စတုရန်းပေ ဦးစံထွန်းကျော် ၁၂/တမန(နိုင်)၀၉၆၇၄၁ အမည်ပေါက် နှစ် (၆၀) ဂရန်မြေ အမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းကြည်ဖုန်း ၁၂/လမတ(နိုင်)၀၃၁၉၁၃ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဒေါ်နှင်းအိဖြူ ၁၀/ပမန(နိုင်) ၁၃၅၀၄၉ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်နှင်းအိဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, WIPO Switzerland) အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း–၀၉–၄၅၆၁၃၃၄၄၆၊ ၀၉–၇၇၅၀၀၈၃၆၅**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ်အမှတ် ၄၉ယ/၇၁၉၀, Luojia–110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလွင် ၉/လဝန (နိုင်)၁၆၁၉၇၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**နေပြည်တော်ရုံး**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/မြောက်) ရပ်ကွက်၊ မြို့မ (၁၁) လမ်း၊ အမှတ်(၃၀၅) တွင် နေထိုင်သော ဦးတင်ဇော် ၁၁/မတန (နိုင်)၀၁၂၁၁၇ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်း မှတ်ပုံတင်ရုံးတွင် (၂၃–၂–၂၀၂၆) ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄/၃၂၄)ဖြင့် တရားဝင်မှတ်ပုံတင်သွင်း မြွက်ဟကြေညာထားပြီး ဖြစ်ပါသည်–

GOORAL®

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်ဖြင့် သွားတိုက်တံနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုးကိုထုတ်လုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်တွင် ကပ်နိုပ်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ဦးတင်ဇော် ၁၁/မတန(နိုင်)၀၁၂၁၁၇ ၏ ခွင့်ပြုချက်မရဘဲ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆင်တူယိုးမှားတုပ ထုတ်လုပ်ခြင်းများတွေ့ရှိပါကဥပဒေနှင့်အညီအရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တိုးတိုးကျော် (စဉ်–၈၃၈၇) LL.B, D.B.L တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄၆)၊ လမ်း (၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း–၀၉–၅၁၀၇၀၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ မြို့မရပ်ကွက်၊ မြေကွက်ကြီးအမှတ် (၈/၂)၊ အကွက်ငယ်အမှတ် (၇၈၉)၊ ဒေါ်သန်းသန်းစိန် အမည်ပေါက် ဧရိယာပေ (၄၀x၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မိုးနိုင် ၁၃/ကမန(နိုင်)၀၈၅၈၃၉ ထံမှ ဦးလှဝင်း ၁၂/ကမရ(နိုင်)၀၁၅၁၅၈ မှ ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးလှဝင်း ၁၂/ကမရ(နိုင်) ၀၁၅၁၅၈**

**ဖုန်း–၀၉–၂၅၄၁၁၄၅၃၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၄၊ ကျောက်စိမ်း (၄) လမ်း၊ မြေကွက်အမှတ် (၁၈၉)၊ အကျယ်ပေ (၄၀x၆၀) ရှိ ဦးအောင်သန်း (ဘ) ဦးထွန်းရင် (LPN–091899) အမည်ပေါက် မြေချပါမစ်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်ဝင်း ၅/မကန(နိုင်) ၁၀၆၀၅၈၊ အမှတ် (၁၈၉)၊ ကျောက်စိမ်း (၄) လမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်နေသူမှ အမည်ပေါက်၏ တစ်ဦးတည်းသော ဇနီးဖြစ်ပြီး တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မြေချပါမစ်မူရင်းနှင့်တကွ လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ မှတ်ပုံတင်အရောင်းစာချုပ်ချုပ်ဆိုပေးရန်အထိ တာဝန်ယူပါကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ (၇) ရက်ပြည့်မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးမြောက် အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ထားနွယ်ခင် (တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၈၀၂၁)**
**LL.B, D.I.R, D.I.L, D.M.L, DL–101 (WIPO)**
**အမှတ်– ၅၈၁၊ ရွှေပြည်သာ(၂)လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း–၀၉–၅၁၉၇၉၃၂**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁)၊ ကွင်း/အကွက်အမှတ် (၁၄–က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ် (၉)၊ မြေဧရိယာ ၀ ဒသမ ၁၁၂ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်သောင်းသောင်းကြည် ၉/မနမ(နိုင်) ၁၂၃၉၆၈ မှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာ ဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ကျိုင်းတုံမြို့၊ အမှတ် (၄) ရပ်ကွက်၊ ယန်းကုန်းတိုးချဲ့ကွက်သစ်၊ မြေကွက်အမှတ် (၄/၃၄၁)၊ ဦးပိုင်အမှတ် (၁)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေအား ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုင်းတုံမြို့၏ ၁၄–၆–၂၀၀၀ ရက်စွဲပါ အခွန်အမှုတွဲအမှတ် (၇၇/၂၀၀၀) အရ ခွင့်ပြုချထားပေးခဲ့သော မြေနေရာ ဖြစ်ပါသည်။ ယခုအခါ ဦးစိုင်းကိန် ၁၃/ကတန(နိုင်)၀၂၃၂၂၁၊ ဒေါ်နန်းဖူး ၁၃/ကတန (နိုင်)၀၂၃၂၂၂ တို့ အမည်ဖြင့် ခွင့်ပြုချထားပေးခဲ့သော မြေငှားလိုင်စင်(ယာယီ) မူရင်းမှာ နေအိမ်ပြောင်းရွှေ့ရာတွင် ပျောက်ဆုံးသွားပါသဖြင့် မြေပေးမိန့်မိတ္တူမှန် အသစ် ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းကိန်–ဒေါ်နန်းဖူး၊ ဖုန်း–၀၉–၆၈၉၀၇၈၁၂၆**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ ကွင်း/အကွက်အမှတ် (၅/ပဒေသာ)၊ ဦးပိုင်အမှတ် (၄၃၅)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ဟော်ဖူးရွှေ ၁၃/တကန (နိုင်)၂၄၉၆၄၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ပြင်ဦးလွင်ခရိုင် / မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ကွင်း/အကွက်အမှတ် (၂၈/သုမင်္ဂလာရပ် ဦးပိုင်အမှတ် (၁၆၂)၊ မြေဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဒေါ်စုစု ပါ (၂)ဦး ၉/မမန (နိုင်)၀၈၃၂၈၄ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ (၁၅) ရက် အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်(ပေါင်းလောင်း–၃)၊ ၁၄–လမ်း၊ မြေကွက်အမှတ် (၁၇၄၃)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးအောင်ကြီး ၅/ရဘန(နိုင်)၀၈၅၈၇၁ အမည်ပေါက်သော (ပါမစ်) မြေကွက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိထားပိုင်ဆိုင်သူ ဦးဇော်ထူးမြင့်(ဘ) ဦးသိန်းမြင့် ၉/လဝန(နိုင်)၀၀၁၅၁၉ မှ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုပြောဆိုလာပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများပြသကာ ကျွန်ုပ်ထံသို့ ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးပြည့်ဖြိုးအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၆၈၆/၂၂)**
**ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း–၀၉–၄၄၀၀၄၅၇၈၄**

## ဒေါ်မီမီဟန် (၆ / မမန (နိုင်)၁၁၇၁၁၂)နှင့် အများသိစေရန် ကြေညာခြင်း

ကျွန်ုပ် မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာသုခလမ်းသွယ်၊ တိုက်အမှတ်(၁၀၅–အေ)၊ မြေညီခန်းနေ ဒေါ်သန်းသန်းအေး ၁၂/သဃက(ပြု)၀၀၁၄၉၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေး ၁၂/သဃက(ပြု)၀၀၁၄၉၂ ကိုယ်တိုင်လက်ရှိ နေထိုင်လျက်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆ/ကရပ်ကွက်၊ ရတနာသုခလမ်းသွယ်၊ တိုက်အမှတ် (၁၀၅–အေ)၊ မြေညီခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းကိစ္စများ အပါအဝင် ငွေကြေးကိစ္စများကို ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံ၌ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံ၌ဖြစ်စေ လာရောက်ဖြေရှင်းပေးပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ–**
**ဒေါ်သန်းသန်းအေး**
**၁၂/သဃက(ပြု)၀၀၁၄၉၂**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဝင်းဖေ B.A(Philo),H.G.P**
**အထက်တန်းရှေ့နေ (စဉ်–၇၆၅၂/၈၂)**
**၅၅၃(ပ)ထပ်(ခြေရင်းခန်း)၊ မင်းရဲကျော်စွာ (၉) လမ်း**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၃၀၆၅၇၉၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8L/1662, KTS Light Truck (KTS–T2), Pick up(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၈/မမန(နိုင်)၁၀၃၈၀၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 49W/48120, SYM BOOW SR–110 ယာဉ်လက်ဝယ်ရှိသူ ဦးရဲငြိမ်းအောင် ၅/စကန (နိုင်)၀၇၆၇၄၀ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ သံလျှက်မော်တောင်ရပ်ကွက်၊ အကွက်အမှတ် (၄၀၆)၊ ဦးပိုင်အမှတ် (၈၄–တ)၊ ၈၆xရွှေတချောင်းကြား၊ ကန်တော်ကြီး အဝင်လမ်းတောင်ဘက်ရှိ ဂရန်မြေကွက် အမည်ပေါက်သော ဦးကိုကိုဦး ၉/မရတ(နိုင်)၁၀၇၆၈၈၊ ဒေါ်နန်းသဥ္ဇာသိမ့် ၉/ခအဇ(နိုင်)၀၀၄၃၁၈ တို့က အမှုတွဲအမှတ် (၅၀၄၂/၂၀၂၅–၂၀၂၆) ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

**ဦးထွန်းနေဝင်း (ရေနံချောင်း)**

DSA(19)

**အထွေထွေမန်နေဂျာ (ငြိမ်း)၊ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်**

**အသက် (၇၁)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မော်ဘီမြို့နေ [ဦးသိန်းအောင် (ရေနံချောင်း)-ဒေါ်အုန်းကြည်]တို့၏ သား၊ [ဒုတိယဗိုလ်မှူးကြီးစောရှိန်(ငြိမ်း)(ထားဝယ်)-ဒေါ်ခင်သန်း]တို့၏ သားသမက်၊ (ဗိုလ်မှူးဘအုန်း)-ဒေါ်ခင်စောအေး၏ မောင်၊ (ဦးခင်မောင်ချို)-ဒေါ်နီလာမြင့်၏ ညီ၊ ဒုတိယဗိုလ်မှူးကြီး ညိုဝင်းအောင်(ငြိမ်း)-ဒေါ်ခင်စန်းဝင်း၊ (ဦးကျော်ငွေး)-ဒေါ်နီလာအောင်၊ ဦးအောင်မိုး-ဒေါ်ခိုင်ခိုင်ဝင်း (ဒုတိယကျောင်းအုပ်ကြီး၊ ရန်ကင်းပညာရေးဒီဂရီကောလိပ်)၊ ဦးအောင်မိုးရှိန်၊ ဦးအောင်ဝင်းရှိန်-ဒေါ်နီလာစံ၊ ဦးသီဟရှိန်(ခေတ္တ-ဂျပန်)-ဒေါ်ခင်သက်မာထူး(ခေတ္တ-ဂျပန်)တို့၏ အစ်ကို၊ တူ/တူမ ၁၇ ယောက်တို့၏ ဦးလေး၊ ဦးဝဋ္ဋာထွန်းရှိန်၊ ဒေါ်စပယ်ထွန်းရှိန်၊ ဦးထက်နိုင်ထွန်းရှိန်တို့၏ ဖခင်၊ ဒေါ်ခိုင်မာစော၏ ချစ်လှစွာသောခင်ပွန်း ဦးထွန်းနေဝင်း အသက်(၇၁)နှစ်သည် ၃-၂-၂၀၂၆ (အင်္ဂါနေ့) ည ၇:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ပြီး ကာယကံရှင်၏ ဆန္ဒအတိုင်း ၄-၂-၂၀၂၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် မီးသင်္ဂြိုဟ်ပြီး အရိုးပြာကို ရေလယ်တွင် မျှောပြီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၇-၂-၂၀၂၆ (စနေနေ့) နံနက်ပိုင်းတွင် မော်ဘီမြို့ နေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာမည်ဖြစ်ကြောင်းကို ရပ်နီးရပ်ဝေးရှိ ဆွေမျိုးအသိမိတ်ဆွေတို့အား ညှိုးငယ်သောစိတ်ဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၀၉၅၅)၊ မြေဧရိယာ (၀.၁၄၆)ဧကရှိ ဦးဝင်းဇော် (ဘ)ဦးတင်ဦး ၁၄/မအပ(နိုင်)၁၆၄၅၄၃ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဦးဝင်းဇော်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာ အမှတ် (၅၀၀၃/၂၀၂၂)၊ (၁၁-၁၀-၂၀၂၂)ရရှိထားသူ ဒေါ်သဇင်ခိုင် (ဘ)ဦးစိန်ဝင်း ၁၂/လမန(နိုင်)၁၃၅၂၅၈နှင့် ဒေါ်ရည်မွန်ကျော် (ဘ)ဦးကျော်မြင့် ၁၂/တမန(နိုင်)၁၀၉၂၄၆ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၇)၊ မြေကွက်အမှတ် (၆၃၁)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ ဒေါ်မြမြသန်း(E/RGN ၀၁၉၉၄၅) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ မြေကွက်အမှတ် (၆၃၂)နှင့်ကပ်လျက် တရားဝင်မခွဲစိတ်ရသေးသော(ဘယ်ဘက် ခြမ်း)(၂၀ပေ x ၆၀ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီနီဦး(၅/ကဘလ(နိုင်)၁၀၈၅၃၆) က အရှုပ်အရှင်းကင်းရှင်း၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြုပြီး ရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မျိုးမျိုးခိုင်၁၂/ကမတ(နိုင်)၀၄၉၇၅၆ က အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် အရောင်းတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင် ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းဝင်းနွယ် LL.B, B.A(Business Law) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၆၉၂)**
**အမှတ်(၁၂၂၉) ပင်လုံလမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဖုန်း-၀၉-၉၈ ၂၉၃၅၉၉၁**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ အ.ထ.က(ခွဲ) ကလိုင်ကျောင်းမှ (ဘ)ဦးသူရညီညီအောင် ၇/သနပ(နိုင်)၁၄၈၈၄၃ ၏သမီး အမည်မှန်မှာ မအိမ့်မဒီအောင် ဖြစ်ပါကြောင်း။

**မအိမ့်မဒီအောင်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊သနပ်ပင်မြို့နယ် အထက(ခွဲ) ရွာဟောင်းကျောင်း Grade-12 မှ မအိသက်နှင်းဇော်၏ဖခင်အမည်မှန်မှာ ဦးဇော် ၇/သနပ(နိုင်) ၀၆၄၈၀၉ ဖြစ်ပါကြောင်း။

**ဦးဇော် ၇/သနပ(နိုင်)၀၆၄၈၀၉**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊သနပ်ပင်မြို့နယ် အထက(ခွဲ) ရွာဟောင်းကျောင်း Grade-12 မှ မောင်အောင်ဖြိုးနိုင်၏ ဖခင်အမည်မှန်မှာ ဦးဆန်းနိုင် ၇/သနပ(နိုင်)၁၁၈၆၉၆ ဖြစ်ပါကြောင်း။

**ဦးဆန်းနိုင် ၇/သနပ(နိုင်)၁၁၈၆၉၆**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၁)၊ ခရေလမ်း၊ မြေကွက်အမှတ် (၁၇၄)၊ အကျယ်အဝန်း (၄၂ပေ × ၆၀ပေ)ရှိ ဒေါ်ခင်အေးအေးထွန်း (၉/အမဇ (နိုင်) ၀၃၈၇၆၈) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်မျိုးနိုင် (၁၀/မဒန (နိုင်) ၀၀၁၅၁၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)**

**ဦးပြည့်ဖြိုးအောင်**
**LL.B,**
**အထက်တန်းရှေ့နေ(စဥ်-၄၅၅၃၀)**

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၀)၊ ရတနာမဉ္ဇူလမ်း၊ မြေကွက်အမှတ် (၂၄၆၇)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ဆော်လီလမား (ISN-၁၆၇၄၁၃) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ မြေကွက်အမှတ် (၂၄၆၆)နှင့်ကပ်လျက် တရားဝင်မခွဲမစိတ်ရသေးသော (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မေရီထွန်း (၁၂/တမန (နိုင်) ၁၀၁၃၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L,**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၈၈၅၂)**

**ဦးကျော်စိုးဦး**
**LL.B,**
**အထက်တန်းရှေ့နေ(စဥ်-၅၄၁၈၉)**

**၀၉ ၅၅၀၆၁၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃**

ခရစ်တော်၌အိပ်ပျော်ခြင်း

**စစ္စတာနော်စိဘလု(အထက်တန်းသူနာပြု (ငြိမ်း)**

**အသက် (၈၈)နှစ်**

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၇)ရပ်ကွက်၊ အိမ်နံပါတ် (၆၈၁)၊ ဗိုလ်မြတ်ထွန်းလမ်းနေ (ဦးအဲလ်ဘတ် - ဒေါ်ဇံမယ်) တို့၏သမီးကြီး၊ ( ဦးအာလာဒင်- ဒေါ်လှစိန်) တို့၏သမီးချွေးမ၊ ( ဦးစောသဒူး) - နော်ချစ်မေ ၊ နော်ဟေဘလု- စောဟေဘလု တို့၏ အစ်မကြီး၊ စောမောလယ်၊ နော်ကက်သရင်း၊ နော်မော်နာလီဇာ - ဦးမိုးမင်းအောင်၊ နော်နန်စီနေဘလု- ဦးစိန်လင်းအောင်၊ စောအေးမော့စ် - နော်သွေးကောဖော၊ နော်အီစတာလီလီ၊ စောမောလ်စဲလ်-နော်ကမားဖော တို့၏ မွေးသမိခင်၊ နော်မားဗီးလက်မေသူထက် - စောကျော်စိုးထက်၊ စောစိုင်းလက်စ်တို့၏အဘွား၊စောဘန်ဂျမင်ရှိန်းထက်တို့၏ဘွားဘွားကြီး (သိက္ခာတော်ရဆရာတော် စောဇော်ရီး) ၏ချစ်လှစွာသော ဇနီးသည် ၄-၂-၂၀၂၆ ရက် ည ၉:၃၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၆-၂-၂၀၂၆ရက် မွန်းလွဲ ၂ နာရီတွင် အထက်ပါ နေအိမ်၌ ဝတ်ပြုပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ လမ်းမတော်မြို့နယ် ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသော လမ်းသစ်ပြည်သူ့အငှားအိမ်ရာ၊ တိုက်အမှတ် (A)၊ အခန်းအမှတ်(1918)တွင် အိမ်ခန်းငှားရမ်းခွင့်ရရှိသူ ဦးလူခန့် (CA-၀၄၂၉၀၅) မှာ ၆-၂-၁၉၇၂ ရက်၌ ကွယ်လွန်သွားပါသဖြင့် အမည်ပြောင်းလဲငှားရမ်းနေထိုင်ခွင့်ပြုပါရန် ဦးအုန်းရွှေ ၁၂/လမတ(နိုင်)၀၂၉၈၄၀မှ လွှဲပြောင်း လက်ခံထားသည့် စာရွက်စာတမ်းအထောက်အထား၊ ကျမ်းကျိန်လွှာများနှင့်တကွ တင်ပြလျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားတင်ပြပြီး ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁) ရပ်ကွက်၊ ရောဝဏ်လမ်းမကြီး၊ ရောချမ်းသာ အဆင့်မြင့် ကွန်ဒို၊ တိုက်အမှတ်(10/A)၊ (10) ထပ်၊ လူနေအိမ်ခန်းအမှတ်(220)၊ အကျယ်(1310)စတုရန်းပေ၊ ရေ၊ မီးအပါအဝင် ဖြစ်သော အိမ်ရာတိုက်ခန်းသည် ဦးမင်းခန့်ပိုင်(ခ) ဦးခန့်ပိုင်စိုး၊ ၉/အမဇ(နိုင်) ၀၃၆၈၄၈ အမည်ပေါက်၏ လက်ရှိလက်ရောက်ပိုင်ဆိုင်သည့်အိမ်ရာတိုက်ခန်း ဖြစ်ပါသည်။ ယင်းအိမ်ရာတိုက်ခန်းနှင့်ပတ်သက်သော နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း မြွတ်ဟဝန်ခံသူ ဦးမင်းခန့်ပိုင်(ခ) ဦးခန့်ပိုင်စိုး၊ ၉/အမဇ(နိုင်)၀၃၆၈၄၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇေလင်း ၉/မထလ(နိုင်)၂၂၇၅၂၆ က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းမူရင်းများ နှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မေဇင်ဦး (LLB) အထက်တန်းရှေ့နေ(စဥ် - ၅၂၉၅၇)**
**အမှတ် (၃၁၆)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉ - ၇၆၆၈၈၇၄၄၉**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၁၆-ခ/၁၊ ခေမာသီရိရပ်)၊ ဦးပိုင်အမှတ်(၄/၁က)၊ မြေဧရိယာ(၀.၅၆၈) ဧကရှိ ဒေါ်ကျွန္တရာဝတီ အမည်ပေါက် မြေကွက်အနက်မှ အနောက်ဘက်အခြမ်း မြေဧရိယာ(၀.၀၄၄)အား ဦးပိုင်ခွဲစိတ်၍ (၁၁-၁၂-၂၀၂၅) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၆၁/၂၀၂၅)အရလည်း ကောင်း၊ ဦးပိုင်အမှတ်(၄/၂)၊ မြေဧရိယာ (၀.၁၂၂)ကေရှိ ဦးအိုက်ချာရန်း အမည်ပေါက်မြေကွက်အား (၁၅-၁၂-၂၀၂၅) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၄၆၄/၂၀၂၅)အရ လည်းကောင်း ဒေါ်နီနီဝင်း၊၁/ကမန(နိုင်)၀၂၅၂၀၈ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်(၂)ကွက်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်နီနီဝင်း အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ပေါင်း/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြ သူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်ပြည့် မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်တင်ပြသူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ ၊မော်ဘီမြို့နယ်၊ သန္ဓေပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၂၁(အေ)၊ ကွင်းအမည်-ကိုးလုံးမြောက်ကွင်း၊ ဦးပိုင်အမှတ်(၉/၅ က၊ ၁၀/ခ) အကျယ်အဝန်း(၄)ဧကအနက်မှ မြေကွက်အမှတ် (B-5)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက် (၁) ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ ကတိပြုသူ ဦးရဲမင်းငွေး ၁၂/ထတပ (နိုင်) ၀၇၅၂၈၃ ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဦးကြည်လင်ငွေး ၁၂/ဗဟန (နိုင်)၀၈၃၈၅၅ နှင့် ဒေါ်သက်ပိုင်စံစံ ၁၂/လကန (နိုင်) ၂၂၆၁၈၇ တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်ပြုလုပ်မှုအတွက် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးစိုးလွင်သောင်း ( LL.B )**
**အထက်တန်းရှေ့နေ (စဥ် - ၂၇၀၁၄)**
**အမှတ် (၂၅)၊ (၆) လွှာ (ခေါင်းရင်းခန်း)၊**
**ဝေဠုဝန်လမ်းကျယ်၊စမ်းချောင်းမြို့နယ်၊**
**ဖုန်း-၀၉-၉၅၇၇၉၅၁၀၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ ၂၀ ).**

**မဟာအောင်မြေခရိုင်တရားရုံးတော်**

**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၃၈**

| | | |
|---|---|---|
| ဒေါ်စီစီထွန်း | နှင့် | ၁။ ဒေါက်တာဦးထွန်းအေး |
| | | ၂။ ဦးညီညီဆွေ |
| တရားလို | | တရားပြိုင်များ |

၁။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ အကွက်အမှတ်(၈၉၆)၊ ၆၅x၃၁လမ်းထောင့်နေ ဒေါက်တာဦးထွန်းအေး(ဘ)ဦးအေး၊ ၂။ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(လလ-၁၇/၆၀)၊ (ဈ) ရပ်ကွက်နေ ဦးညီညီဆွေ (ဘ)ဦးကြည်မောင် (ယခုနေရပ်လိပ်စာမသိသူများ) တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက " မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း အမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်(၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစ ရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ လ ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးမွန်စမ်း)**
**ခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4E/3347 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၅) ရပ်ကွက်၊ အမှတ်-(၈၅၅)ဟုခေါ်တွင်သော အလျား (ပေ ၁၀ x အနံ ပေ၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထက် နိုင်အောင်(၁၂/သဃက(နိုင်)၁၆၆၁၁၆)က ပိုင်ရှင်ဖြစ်သူ ဦးအောင်ဝင်း(၇/ကပက(နိုင်)၀၃၃၉၈၂)နှင့် ဒေါ်သန်းသန်းရှိန် (၁၀/ခဆန(နိုင်)၀၀၈၉၉၇)တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အိမ်ခြံမြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးထက်နိုင်အောင်**
**၁၂/သဃက(နိုင်)၁၆၆၁၁၆**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၁၂၅၀၇) (၁၆-၅-၂၀၁၇)**
**အမှတ် (၁၂၀)၊ ပြည်တော်အေးလမ်း၊**
**လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း**
**မြို့နယ်၊ ဖုန်း-၀၉-၄၂၀၁၁၁၄၄၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၈၉၄၇၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်ခိုင်ဦး ၁၀/မလမ(နိုင်) ၂၇၉၄၂၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၁၈၂၇၄, Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁၀/ကထန(နိုင်) ၀၂၀၁၇၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(သထုံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/89812, Zhineng 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းနိုင်ဝင်း ၁၄/ပသန(နိုင်)၂၇၃၀၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/75331, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစောမင်းကျော် ၃/ဘအန(နိုင်)၀၉၀၇၁၇ က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြည်နယ်ရုံး(ဘားအံ)တွင်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး(ဘားအံမြို့)**

❖ လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကိုဖော်ဆောင်နိုင်မည်ဖြစ်...
❖ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများ တိုးချဲ့ပြေးဆွဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ရန်ကုန်-နေပြည်တော်လမ်းပိုင်း၌ ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြင့်လည်းကောင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် လေအိတ်ရထားတွဲဆိုင်းများဖြင့် လည်းကောင်း နေ့စဉ်ပုံမှန် ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားသဖြင့် ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာခရီးသွားလာနိုင်စေရေးအတွက် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန် ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများကို အောက်ပါနေ့ရက်များအတိုင်း တိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်သည်။

| စဉ် | နေ့ရက် | ရထားအမှတ် | ခရီးစဉ် | | ထွက်/ရောက်ချိန် | |
|---|---|---|---|---|---|---|
| | | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် |
| ၁ | ၁၂.၂.၂၀၂၆ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၂ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၃ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | မော်လမြိုင် | ၀၉:၁၅ | ၁၈:၀၀ |
| ၄ | ။ | လေအိတ် အဆန်အထူး | ရန်ကုန် | ပြည် | ၁၃:၀၀ | ၂၀:၅၅ |
| ၅ | ၁၇.၂.၂၀၂၆ | DEMU (စပိန်) အဆန်အထူး | ရန်ကုန် | နေပြည်တော် | ၀၆:၃၀ | ၁၂:၀၀ |
| ၆ | ။ | DEMU (စပိန်) အစုန်အထူး | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၈:၀၀ |
| ၇ | ။ | လေအိတ် အစုန်အထူး | မော်လမြိုင် | ရန်ကုန် | ၀၉:၁၀ | ၁၇:၅၅ |
| ၈ | ။ | လေအိတ် အစုန်အထူး | ပြည် | ရန်ကုန် | ၂၂:၃၀ | ၀၆:၃၀ |

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန် ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် အထက်တန်းလက်မှတ်ကို ၃ ရက် ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်ကို ၁ ရက် ကြိုတင်၍ လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊

*စာမျက်နှာ ၉ ကော်လံ ၁* ❍



# မန်စီးတီးက နှစ်ကျော့ပေါင်းရလဒ်ဖြင့် နယူးကာဆယ်ကို အနိုင်ယူပြီး အီးအက်ဖ်အယ်ဖလား ဗိုလ်လုပွဲတက်ရောက်

အီးအက်ဖ်အယ်ဖလား ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့မှ ဖေဖော်ဝါရီ ၅ ရက် နံနက် ၂ နာရီခွဲက အီတီဟတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးနှင့် နယူးကာဆယ်အသင်း ပွဲစဉ်တွင် မန်စီးတီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် မန်စီးတီးအသင်းသည် နယူးကာဆယ်အသင်းကို နှစ်ကျော့ပေါင်း

*စာမျက်နှာ ၁၄ ကော်လံ ၃* ❖



**ယနေ့ သ တင်း အ ညွှန်း**

**ပြည်တွင်းရွှေဈေးကွက်မတည်မငြိမ်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် ရွှေတုံးရွှေခဲများအား သိုလှောင်ဖြန့်ဖြူးရောင်းချနေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူ**

ပြည်တွင်းသတင်း စာ ၁၄

# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

၂၀၂၅ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် (စနေနေ့)၊ ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-1) ၌ ခမ်းနားထည်ဝါစွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ ညနေ ၄ နာရီခန့်မှစတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD ၊ MRTV Farmers'၊ MRTV Sports ၊ နှင့် MRTV – Entertainment Channel တို့မှလည်းကောင်း၊ မိတ်ဖက်ရုပ်သံလိုင်းများဖြစ်သည့် MWD-HD Channel ၊ MWD Variety-HD Channel တို့မှလည်းကောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိကြသော ရုပ်သံလိုင်းများဖြစ်သည့် MRTV-4 ၊ Channel-7 ၊ 5 Plus ၊ Channel-9 ၊ MNTV ၊ SKY Premier Channel ၊ Fortune Channel ၊ Channel K ၊ Y TV ၊ M Entertainment Channel ၊ Mahar Channel တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များ ဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဒ္မဝတီ၊ ရွှေပုဂံတို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star နှင့် သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website ၊ MRTV App ၊ Radio App နှင့် Mahar Youtube Channel အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့် ပြသမည်ဖြစ်သည်။

အဆိုပါ MRTV HD Channel မှ Live ထုတ်လွှင့်ပြသမှုကြောင့် နေ့စဉ်ပုံမှန် ထုတ်လွှင့်လျက်ရှိသည့် သတင်းချိန်များဖြစ်သည့် ညနေ(၄)နာရီ၊ ညနေ (၆) နာရီနှင့် ည (၈) နာရီ သတင်းများအား MRTV News Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**